# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋက(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## Naypyitaw State Academy ဖွင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

## အသိပညာအတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝနလုံးလှသည့် စိတ်ဓာတ်ကောင်းမွန်သော ပညာတတ် နိုင်ငံ့သားကောင်းရတနာမွန်များကို မွေးထုတ်ပေးသွားမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာနှင့် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**


**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး** — ပြည်တွင်းသတင်း | စာ - ၆

**စိုက်မွေးဆည်ဝန်ကြီးဌာန စကားဝိုင်းမှသည် ...** — ဆောင်းပါး | စာ - ၁၀

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ** — စီးပွားရေးသတင်းများ | စာ - ၁၂

# အုပ်ချုပ်ရေးမြို့တော်မှ ထိပ်တန်းတက္ကသိုလ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသော လူမှုရေးဦးတည်ချက်တစ်ရပ် ပါဝင်သည်။ မိမိတို့နိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၂၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများတွင် အလယ်တန်းအဆင့်နှင့် ၎င်းအဆင့်၏အောက် ပညာအရည်အချင်းမျှသာရှိသူ စုစုပေါင်း ၁၈ ဒသမ ၂ သန်းခန့်ရှိနေရာ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိနေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးသည် အဓိကအရေးပါသည့်အလျောက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ကို နိုဝင်ဘာလ ၉ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့နည်းတူ နိုင်ငံ၏အုပ်ချုပ်ရေးမြို့တော်တွင် ထိပ်တန်းတက္ကသိုလ်တစ်ခု ပေါ်ထွန်းလာခြင်းပင်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေတွင် သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်တို့ ရှိနှင့်ပြီးဖြစ်ရာ ယခု Naypyitaw State Academy နှင့် မကြာမီ အဆင့်တိုးမြှင့်ဖွင့်လှစ်လာမည့် နည်းပညာတက္ကသိုလ်တို့ဖြင့် ပညာရေးမြို့တော်အဖြစ် နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ သားသမီးများ၊ ဒေသခံပြည်သူများ၏ သားသမီးများ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်များကို လေ့လာသင်ယူနိုင်ကြတော့မည်ဖြစ်သည်။

Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားခဲ့ရာ "Naypyitaw State Academy ကို အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုနည်းစနစ်များ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ ခေတ်မီစာကြည့်တိုက်များစသည့် လိုအပ်သော Facilities များ အပြည့်အစုံဖြည့်ဆည်းကာ စာသင်ကောင်းပြီး အမှန်တကယ်တော်သည့် ဆရာများက သင်ကြားကာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်များကဲ့သို့ ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်အောင် ဖွင့်လှစ်တည်ထောင်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများကိုလည်း ဉာဏ်ရည်ထက်မြက်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားသည့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသော ဘွဲ့ရပညာတတ်၊ ပညာရှင်ကြီးများဖြစ်အောင် သင်ကြားလေ့ကျင့် မွေးထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးသွားမည်ဖြစ်ပြီး နောင်တွင် အရည်အသွေးမြင့်မားသည့် ပညာရှင်များ အရေအတွက်များများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

အခြေခံပညာသင်ယူမှုပြီးမြောက်၍ အဆင့်မြင့်ပညာများကို တက္ကသိုလ်၌သင်ယူရာတွင် ကျောင်းသား ကျောင်းသူများသည် မိမိကိုယ်ကိုယ် ထိန်းသိမ်းနေထိုင်ကာ သင်ကြားလေ့လာမှုပုံစံအသစ်၊ နယ်ပယ်အသစ်တွင် ပညာရှာဖွေဆည်းပူးကြရခြင်းဖြစ်ရာ အစဉ်အလာကြီးမားသည့် တက္ကသိုလ်ကျောင်းသူကျောင်းသားများကို အများက အထင်ကြီးလေးစားအားကျကြရမြဲဖြစ်သည်။ နိုင်ငံတကာအဆင့်မီ ပေါ်ထွန်းလာသည့် တက္ကသိုလ်ကျောင်းတော်ကြီးတွင် သင်ကြား၊ သင်ယူရင်း မိမိတို့၏ဂုဏ်၊ တက္ကသိုလ်ကြီး၏ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင် အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘို ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင် တောရကျောင်းတိုက်နှင့် မဟာမြိုင်တောရကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မစေတီ(မွန်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ ပြဿဒ်ပရိယတ္တိစာသင်တိုက်နှင့် ရန်ကင်းမြို့နယ်ရှိ အောင်သုခဗိမာန်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာကိုးဆူကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ပိဋကတ်မစိုးရိမ်ဓမ္မကောလိပ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြစေတီ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာရံ ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဘုရားကြီး အနောက်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အော်ဂဲနစ်ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်၍ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၉

ပြည်တွင်း၌ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများနှင့် အော်ဂဲနစ်ဈေးကွက် ဖြစ်ပေါ်လာရေး၊ ထောက်ခံချက်များ ပါရှိသော မြန်မာ့အော်ဂဲနစ် ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်၍ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေရေးအတွက် မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းများကို ၂၀၁၉ ခုနှစ်၌ ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အော်ဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ လျှောက်ထားခြင်း၊ စစ်ဆေးခြင်း၊ ထောက်ခံချက်ပေးခြင်း၊ အော်ဂဲနစ်စနစ်ကျင့်သုံးခြင်းများအတွက် လမ်းညွှန်ချက်များရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရုံးအမှတ် ၄၃ ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ အော်ဂဲနစ်အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများ တက်ရောက်ကြပြီး ဒေသအသီးသီးမှ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်ရေး စိတ်ဝင်စားသူများက အွန်လိုင်းမှ တက်ရောက်ဆွေးနွေးကြသည်။

စိုက်ပျိုးရေး ဦးစီးဌာနက ဦးဆောင်သည့် အော်ဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာရှင်များအဖွဲ့နှင့်အတူ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအပါအဝင် ကဏ္ဍပေါင်းစုံမှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားစံချိန်စံညွှန်းအဖွဲ့မှ ပညာရှင်များ ပူးပေါင်း၍ ထောက်ခံချက်ပေးရာတွင် လိုက်နာရမည့် အော်ဂဲနစ်ထောက်ခံချက်ပေးရေး လမ်းညွှန်ချက်နှင့် အော်ဂဲနစ်စိုက်ပျိုးရေး စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို အတည်ပြုနိုင်ခဲ့ပြီး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုကျင်းပသည့် အော်ဂဲနစ်စနစ် ကျင့်သုံးခြင်းများအတွက် လမ်းညွှန်ချက်များ ရေးဆွဲခြင်းဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ၌ အော်ဂဲနစ်ထောက်ခံချက် လက်မှတ်များ ပေးအပ်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော ထောက်ခံချက်ပေးရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ၊ စစ်ဆေးရေးမှူးများ လိုက်နာရမည့် လမ်းညွှန်ချက်များ၊ စိုက်ပျိုးသူများ လိုက်နာရမည့် လမ်းညွှန်ချက်များအား ဆက်လက်ရေးဆွဲရန် ကိစ္စရပ်များ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ရာတွင် အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ပါဝင်နေသူများ သိရှိလိုက်နာရမည့် လမ်းညွှန်ချက်များဖြစ်စေရန်နှင့် အမှားအယွင်းမရှိ စစ်မှန်သော အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုစနစ်ကို ဖော်ဆောင်နိုင်ရန် ရိုးရှင်းလွယ်ကူစွာနားလည်နိုင်ပြီး စနစ်တကျလိုက်နာနိုင်မည့် လမ်းညွှန်ချက်များ အတည်ပြုထုတ်ပြန်နိုင်ရေး ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် တို့က Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Naypyitaw State Academy ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး Nay–pyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပထမထပ်ရှိ Function Hall အတွင်း Naypyitaw State Academy ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာမများ၊ ကျောင်းသူများနှင့် အနုပညာရှင်များက Naypyitaw State Aca–demy အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် အဆင့်မြင့် ပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုကို မြို့တော်နေပြည်တော်တွင် ဖွင့်လှစ်နိုင်သည့်အတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**ရွေးချယ်သင်ယူလေ့လာနိုင်**

Naypyitaw State Academy ကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ နေပြည်တော်ကို ပညာရေးမြို့တော် ဖြစ်လာစေရန်နှင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ သားသမီးများ၊ နေပြည်တော် ၈ မြို့နယ်ဖြစ်သည့် ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်များမှ ဒေသခံပြည်သူများ၏ သားသမီးများ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်ရန် ဖြစ်ပါကြောင်း။

ထို့ပြင် ကြောင်းကျိုးဆက်စပ် တွေးခေါ်မှုကို အခြေခံသည့် သင်ကြားသင်ယူမှုကို အလေးထားအားပေးပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များမွေးထုတ်ပေးရာ ဦးဆောင်တက္ကသိုလ် (The Leading University for Wisdom) ဖြစ်စေရန်အတွက် ဦးတည်ချက်ထား ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ အသိပညာအတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသည့် စိတ်ဓာတ်ကောင်းမွန်သော ပညာတတ် နိုင်ငံ့သားကောင်းရတနာမွန်များကို မွေးထုတ်ပေးသွားမည် ဖြစ်ပါကြောင်း။

**လေးလေးနက်နက် ဖော်ညွှန်းထား**

Naypyitaw State Academy အမှတ်တံဆိပ် ဆောင်ပုဒ်သည် “ **ပညာဓေ အဓိပတိ** ” ဟု သတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဆောင်ပုဒ်မှာ “**ပညာသည်သာ အရှင်သခင်၊ ပညာသည်သာ အကြီးအမှူး၊ ပညာသည်သာ ဦးဆောင်သူ**” ဖြစ်သည်ဟု လေးလေးနက်နက် ဖော်ညွှန်းထားခြင်းဖြစ်ပါကြောင်း၊ ပညာကို ဦးထိပ်ပန်ဆင်ကာ ပညာကို အထွတ်အမြတ်ထားပြီး သင်ယူလေ့လာနိုင်သည့် ဌာနကြီးဖြစ်သည်ဟု ရည်ညွှန်းထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။

**အားဖြည့်သင်ကြား လေ့ကျင့်ပေးကြမည်**

Naypyitaw State Academy ကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များကဲ့သို့ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပြီး ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့၏မဟာဌာနကြီးများ ဖွဲ့စည်းထားရှိသည့်အတိုင်း ယခုတက္ကသိုလ်တွင်လည်း မဟာဌာနကြီးများ ဖွဲ့စည်းကျင့်သုံးထားသည်ကို တွေ့ရပါကြောင်း၊ မဟာဌာနကြီးများဖြစ်သည့် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာ မဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာနနှင့် အားကစားပညာ မဟာဌာနများ ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများအပြင် နေပြည်တော်ရှိ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီးများကိုပါ စုစည်းပြီး တက္ကသိုလ်ကြီးတွင် အားဖြည့်သင်ကြားလေ့ကျင့်ပေးကြမည်ဖြစ်သဖြင့် များစွာအားရကျေနပ်မိပါကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Naypyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

- Naypyitaw State Academy ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တတိယနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ် သင်ကြားပေးသွားမည်
- ထို့ပြင် ဘွဲ့လွန်တန်းများဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း အားတက်စရာဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

*စာမျက်နှာ ၃ မှ*

Naypyitaw State Academy ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တတိယနှစ် သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ဘွဲ့လွန်တန်းများဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း အားတက်စရာ ဖြစ်ပါကြောင်း။

ယနေ့ခေတ်တွင် ယခုဖွင့်လှစ်သည့် Naypyitaw State Academy ကို ထည့်သွင်းရေတွက်မည်ဆိုပါက ပညာရေးဝန်ကြီးဌာနအောက်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၇၅ ကျောင်းနှင့် ဝန်ကြီးဌာန ၁၁ ခု၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများအပါအဝင် စုစုပေါင်း ၁၇၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ နေပြည်တော်တွင်လည်း Naypyitaw State Academy၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့်ကုသရေး တက္ကသိုလ်တို့ရှိပြီး မကြာခင်အချိန်တွင်လည်း နည်းပညာတက္ကသိုလ်အဆင့် တိုးမြှင့်မည့် တက္ကသိုလ်တစ်ခု ပေါ်ထွက်လာမည်ဖြစ်၍ ပညာရေးမြို့တော်အဖြစ် လမ်းခင်းနေပြီဖြစ်ပါကြောင်း။

### ပညာရှင်များအရေအတွက် များများမွေးထုတ်

Naypyitaw State Academy ကို အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုနည်းစနစ်များ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ ခေတ်မီစာကြည့်တိုက်များစသည့် လိုအပ်သော Facilities များ အပြည့်အစုံဖြည့်ဆည်းကာ စာသင်ကောင်းပြီး အမှန်တကယ်တော်သည့် ဆရာများက သင်ကြားကာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်များကဲ့သို့ ထိပ်တန်းတက္ကသိုလ်ကြီး တစ်ခုဖြစ်အောင် ဖွင့်လှစ်တည်ထောင် မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း ဉာဏ်ရည်ထက်မြက်ပြီး စဉ်းစားတွေးခေါ်မှု မြင့်မားသည့် အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံသော ဘွဲ့ရပညာတတ်၊ ပညာရှင်ကြီးများဖြစ်အောင် သင်ကြားလေ့ကျင့် မွေးထုတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးသွားရမည်ဖြစ်ပြီး နောင်တွင်အရည်အသွေး မြင့်မားသည့် ပညာရှင်များ အရေအတွက်များများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

တစ်ဆက်တည်း ပြောကြားလိုသည်မှာ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီမှ အနည်းဆုံးတက္ကသိုလ်တစ်ခုတွင် ပါရဂူဘွဲ့ချီးမြှင့်သည့် သင်တန်းတစ်ခုအနည်းဆုံး ဖွင့်လှစ်ရန်နှင့် ယင်းပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သည့် တက္ကသိုလ်တစ်ခုစီကိုလည်း တက္ကသိုလ်အင်္ဂါရပ်များ ပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အဆိုပါ ပါရဂူတန်း ဖွင့်လှစ်သည့် တက္ကသိုလ်ကြီးများသည် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ဖြစ်လာစေရေး ကြိုးပမ်းသွားကြရန်နှင့် လွတ်လပ်ရေးရပြီး ခေတ်နောက်ပိုင်းက အရှေ့တောင်အာရှတွင် ဂုဏ်သတင်းကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်ကဲ့သို့ တက္ကသိုလ်အဆင့်အတန်းအထိ မြင့်မားတိုးတက်အောင် ကြိုးစားအားထုတ်ကြရန် တာဝန်ရှိသူအဆင့်ဆင့်နှင့် ဆရာ၊ ဆရာမများအားလုံးကို တိုက်တွန်းပြောကြားလိုပါကြောင်း။

### ဆက်လက်လေ့လာဆည်းပူးနိုင်မည်

နိုင်ငံသားတိုင်း လူတန်းစေ့ နေထိုင်ရှင်သန်နိုင်ရန်အတွက် အနည်းဆုံး အတတ်ပညာ တစ်ခုခုကို တတ်ထားရန်လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ တွင် အထက်တန်းကျောင်း တစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ပညာရပ်များကို တွဲဖက်သင်ကြားပေးမည် ဖြစ်ပါကြောင်း၊ အလားတူ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူ ရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားသည့်ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်များ၌ အဆင့်မြင့်ပညာရပ်များကို ဆက်လက် လေ့လာဆည်းပူးနိုင်မည် ဖြစ်ပါကြောင်း။

**"ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများဖြင့် အစပြု"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရှင်ဆရာ၊ ဆရာမများက ပညာရေးတိုးတက်အောင် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေမှသာ သင်ယူသူကျောင်းသား၊ ကျောင်းသူများကလည်း ပညာရေးတိုးတက်မည်ဖြစ်ပါကြောင်း၊ **"ဆရာကောင်းတပည့်ပန်းကောင်းပန်"** ဆိုသည့် မြန်မာ့ဆိုရိုးအတိုင်း အရည်အချင်းပြည့်ဝပြီး ဘက်စုံထူးချွန်သည့် ဆရာကျင့်ဝတ်နှင့် ညီညွတ်သော ဆရာ၊ ဆရာမများနှင့်သာ မိမိတို့တပည့်များကို လူတော်လူကောင်းဖြစ်ပြီး ဗလငါးတန်နှင့် ပြည့်ဝသည့် လူငယ်များဖြစ်အောင် မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နေပြည်တော်၌ Naypyitaw State Academy ဖွင့်လှစ်ပြီး အဆင့်မြင့်ပညာရေးအတွက် အားဖြည့်ပေးသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ ကျောင်းများတွင်လည်း ပညာအဆင့်မြင့်သည်ထက်မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ပြီး မြန်မာ့ပညာရေးကို မြှင့်တင်ပေးကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်မှ ဖွင့်လှစ်ပေးသည့် Naypyitaw State Academy တွင် အဆင့်အတန်း မြင့်မားသည့် ပညာရပ်များကို သင်ယူပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိဒေသ၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားကြရန်၊ ယခုတက္ကသိုလ်ကြီးက ပညာရှင် ပညာတတ်များ စဉ်ဆက်မပြတ်မွေးထုတ်ပြီး အနာဂတ်ခေါင်းဆောင်များ၊ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံအကျိုးပြု သင်ကြားလေ့ကျင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ Naypyitaw State Academy ကြီး အဆင့်မြင့်သည်ထက်မြင့်၊ ကောင်းသည်ထက်ကောင်းပြီး ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကြီး တစ်ခုအဖြစ် တက်လှမ်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ထိပ်တန်း တက္ကသိုလ်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy အတွင်း ရှိ လက်တွေ့ခန်း၊ စာသင်ခန်းများ၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး Nay–pyitaw State Academy ပုံစံငယ်အား ကြည့်ရှုကြသည်။

အဆိုပါ Naypyitaw State Academy ကို နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်တွင် ယခုနှစ်ဧပြီလမှ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပညာသင်ကြားမှုများ အဆင်ပြေချောမွေ့စေရန်အတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိကာ နေပြည်တော်ရှိ အစိုးရဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများအနေဖြင့် အဆင့်မြင့်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Naypyitaw State Academy ဖွင့်ပွဲ အခမ်းအနား ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Naypyitaw State Academy ပုံစံငယ်အား ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy အတွင်းရှိ လက်တွေ့ခန်း၌ ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Naypyitaw State Academy အတွင်းရှိ လက်တွေ့ခန်း၌ ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Naypyitaw State Academy ရှိ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Naypyitaw State Academy အတွင်းရှိ စာသင်ခန်းအား ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် တို့ Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ယခင်ဒုတိယအကြိမ် ဆွေးနွေးခဲ့စဉ်က မပြီးပြတ်ဘဲ ဆက်လက် ဆွေးနွေးညှိနှိုင်းရန် ကျန်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ (၂) နှင့် (၃) တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲ ဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးပွဲ တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန်ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုတိုးမြှင့်နိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ တင်ပို့ရန် အလားအလာရှိသည့် ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ တင်ပို့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် စံချိန်စံညွှန်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာ - ရုရှား နှစ်နိုင်ငံအကြား စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပူတာအိုမြို့နယ် မိုးစပါး စံကွက်ရိတ်သိမ်း၊ တစ်ကေလျှင် ၁၀၈ ဒသမ ၂၀ တင်းထွက်ရှိ

**ပူတာအို နိုဝင်ဘာ ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင်/မြို့နယ် စံကွက်ရိတ်သိမ်းရေး စစ်ဆေးကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မိုးစပါးအထွက်တိုး ဆင်းကေရီ-၃ စိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်း တောင်သူကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၉ ရက်က ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာ တောင်သူ ဦးယောဟန်၏ လယ်မြေ နှစ်ကေ၌ ပြုလုပ်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထွေးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စံကွက်ရိတ်သိမ်းရေး စစ်ဆေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ တောင်သူများက မိုးစပါး အထူးအထွက်တိုး ဆင်းကေရီ-၃ စိုက်ခင်းအား စံကွက်စုပေါင်းရိတ်သိမ်းကြရာ တစ်ကေလျှင် အထွက်နှုန်း ၁၀၈ ဒသမ ၂၀ တင်းထွက်ရှိကြောင်း သိရသည်။ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တောင်သူများက အဆိုပါ ဦးယောဟန်၏ လယ်မြေနှစ်ကေတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၉**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းယန်းမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# မဏိရတနာ ကျောက်စိမ်းခန်းမ၌ နိုင်ငံကျော် တေးသံရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဖျော်ဖြေတင်ဆက်






**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည် ဖျော်ဖြေလျက်ရှိသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အဆိုပါဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နိုင်ငံကျော် အဆိုတော် မြန်မာပြည်သိန်းတန်၊ သရုပ်ဆောင် တေးသံရှင်များဖြစ်ကြသည့် မိုးယံဇွန်၊ ဝေလျှံ၊ ဝင်းသပြေထွန်း၊ ပန်းသော်တာတို့နှင့်အတူ ရောက်ရှိကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ အသင်းသူများ၊ ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဝန်ထမ်းမိသားစုများကလည်း အနုပညာရှင်များအား ရင်းရင်းနှီးနှီး မိတ်ဆက်ကာ အတူတကွ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

## ဖျော်ဖြေတင်ဆက်

ထို့နောက် ဖျော်ဖြေပွဲကို ကျင်းပရာ မြန်မာ့အသံမှ တေးသံရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍မြန်မာသံစဉ် တေးသီချင်းများဖြင့် လည်းကောင်း၊ ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အဋ္ဌလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး ယည်ယည်ဝေ၊ ရှေ့ထွက်မင်းသမီး ခိုင်သစ္စာ၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ ဇင်ပိုင်း၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုင်းစည်သူတို့က အငြိမ့်ကပြမှုဖြင့်လည်းကောင်း၊ နိုင်ငံကျော် အဆိုတော် မြန်မာပြည်သိန်းတန်နှင့်အတူ မိုးယံဇွန်၊ ဝေလျှံ၊ ဝင်းသပြေထွန်းနှင့် ပန်းသော်တာတို့က တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ပြည်ထောင်စုဝန်ကြီးက ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံမှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးသို့လည်း ဆက်လက်သွားရောက် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယဉ်ကျေးမှုအမွေအနှစ်များအတွက် ဘေးအန္တရာယ်ကျရောက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၉**

ကမ္ဘာ့အမွေအနှစ်ဒေသ ယဉ်ကျေးမှုအမွေအနှစ်များအတွက် ဘေးအန္တရာယ် ကျရောက်ခြင်းနှင့် ဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ မြေငလျင်အသင်းတို့မှ ပညာရှင်များ၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများမှ တာဝန်ခံများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ(ဒေသခံ) ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၁၆ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများအနက် ၃၈၉ ဆူ ထိခိုက်မှုရှိခဲ့ကြောင်း၊ လေးနှစ်စီမံကိန်းရေးဆွဲ၍ ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ရာ သဗ္ဗညုဘုရားကြီးမှလွဲ၍ ကျန်ဘုရားပုထိုး ၃၈၈ ဆူကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ပထမအဆင့် ပြုပြင်ထိန်းသိမ်းပြီးစီးခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ယခုအချိန်အထိ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအနေဖြင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း ထပ်မံတွေ့ရှိသည့် ဘုရားအဆူ ၃၀ အနက် ပြုပြင်ပြီး ရှစ်ဆူ၊ ဆောင်ရွက်ဆဲ ကိုးဆူ၊ ဆောင်ရွက်ရန် ကျန် ၁၃ ဆူဖြစ်ကြောင်း၊ နယ်မြေတွင်းရှိ ဧည့်လမ်းညွှန်အသင်းနှင့် ဒေသခံများ၏ ကွင်းဆင်းတွေ့ရှိမှုအရ ပြုပြင်ရန် လိုအပ်သည့် ရှေးဟောင်းအဆောက်အအုံ ၁၁၀ ကိုလည်း ကြိုတင်ပြုပြင် ထိန်းသိမ်းခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ယဉ်ကျေးမှုအမွေအနှစ်များကို အလွန်ထိခိုက်ပျက်စီးမှု ကြီးမားစေသဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲမှ ထိရောက်သောရလဒ်များ ဆွေးနွေး၍ ရေတို၊ ရေရှည်အစီအစဉ်များ ရေးဆွဲပြီး ကြိုတင်ကာကွယ်ခြင်း၊ ကုစားခြင်းများအတွက် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံရှေးဟောင်း သုတေသနပြတိုက်၊ အစည်းအဝေးခန်းမ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လက်အောက်မှ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနနှင့်သာသနာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မည့် တရုတ်ပညာရှင်အဖွဲ့၏ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းခွင်ကိုလည်းကောင်း၊ ရွှာဟောင်းကြီးဘုရားအနီးနှင့် ပုဂံမျှော်ဘုရားအနီး လမ်းမပေါ်တွင် လုပ်ငန်းဆောင်ရွက်ရာသို့ လည်းကောင်း၊ ပုဂံ-ညောင်ဦးမြို့ရှောင်လမ်းရှိ ဌာနပိုင်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

တီမောအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သို့သော် ဘရူနိုင်းအသင်းက နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ခြေစစ်ပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပခြင်းဖြစ်သော်လည်း တီမောအသင်း၏အိမ်ကွင်းတွင် နိုင်ငံတကာပြိုင်ပွဲများကျင်းပရန် အဆင့်မမီသဖြင့် နှစ်ကျော့စလုံး ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ကိုးသင်းမှာ တိုက်ရိုက်ကစားခွင့်ရကာ ကျန်တစ်နေရာအတွက် ဘရူနိုင်းအသင်းနှင့် တီမောအသင်း ခြေစစ်ပွဲ ကစားခဲ့ရခြင်းဖြစ်သည်။ ဘရူနိုင်းအသင်းသည် ၁၉၉၆ ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရပြီး နောက်ပိုင်း နှစ်ပေါင်း ၂၀ ကျော်ကြာမှ ပြန်လည် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်း ဖြစ်သည်။ ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် ဘရူနိုင်းအသင်းသည် အုပ်စု (က) သို့ ကျရောက်မည်ဖြစ်ပြီး လက်ရှိချန်ပီယံ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အုပ်စု (ခ) တွင်မူ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် နိုဝင်ဘာလတတိယပတ်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုလေးပွဲအနက် မလေးရှား၊ လာအိုတို့နှင့်ပွဲများကို အိမ်ကွင်း၊ ဗီယက်နမ်၊ စင်ကာပူတို့နှင့် ပွဲများကို အဝေးကွင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လဝန်းကျင်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် စတင်ကစားရမည် ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-AFF**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေး အစီအစဉ်အရ ယနေ့ မွန်းလွဲပိုင်းတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ ဝန်ကြီးများနှင့် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ မျက်နှာစုံညီ အစည်းအဝေးကို Virtual Format ဖြင့် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပါဝင်တက်ရောက်သည်။ **(အပေါ်ယာပုံ)**




အစည်းအဝေးတွင် သဘာပတိ ကမ္ဘောဒီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ထို့နောက် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အာဆီယံကာဗွန်လျှော့ချရေးအတွက် မဟာဗျူဟာရေးဆွဲရေး၊ ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ရေး၊ တာဝန်ပေးအပ်ရေးနှင့် လုပ်ငန်းလမ်းညွှန်ချမှတ်ရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ရှည်အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်မီစေရန် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေမှု၊ အဆိုပါ မူဝါဒ၊ မဟာဗျူဟာများနှင့်အညီ ပို့ဆောင်ရေးကဏ္ဍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အမျိုးသားအဆင့် အကောင်အထည်ဖော်ရေး စီမံချက် ရေးဆွဲပြီး ပို့ဆောင်ရေးနည်းများတွင် ကာဗွန်လျှော့ချရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ ကာဗွန်ဓာတ်ငွေ့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရေးအတွက် "မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များ ဖျက်သိမ်းရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး စီမံချက်" ကို ၂၀၁၁ ခုနှစ်မှ စတင်၍ ဆောင်ရွက်နေမှု၊ လက်ရှိကာလတွင် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ တင်သွင်း၊ ထုတ်လုပ် အသုံးပြု ပြောင်းလဲရန် လိုအပ်သည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး၊ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင် ကမ်းရိုးတန်းသွား ရေယာဉ်များတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် အစိမ်းရောင်သင်္ဘောမဟာဗျူဟာနှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် ကွန်ဗင်းရှင်းပါ စံညွှန်းများနှင့် အညီ ကာဗွန်လျှော့ချရေး အစီအစဉ်၌ ပါဝင်ဆောင်ရွက်နေမှုများနှင့် အာဆီယံဒေသတွင်း ကာဗွန်လျှော့ချရေးအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မဟာဗျူဟာရေးဆွဲချမှတ်ရန် လိုအပ်မှု၊ မဟာဗျူဟာရေးဆွဲရေးအပေါ် ကဏ္ဍအလိုက် တာဝန်ပေးအပ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအချက်အလက်များ စုဆောင်းအကဲဖြတ်မှုများတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်မှုများကို အကြံပြုဆွေးနွေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စွမ်းအင်ဝန်ကြီးများ တက်ရောက်ကြပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများလည်း ပါဝင် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# (၄၃) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၉

**(၄၃)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (43rd ASEAN SENIOR OFFICIALS MEETING ON DRUG MATTERS) ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Intercontinental Kuala Lumpur ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ခုနစ်ဦး တက်ရောက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော မလေးရှားနိုင်ငံအခြေစိုက် ဩစတြေးလျနိုင်ငံသံရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာ ရုံးကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့် လည်းကောင်း၊ Online စနစ်ဖြင့် လည်းကောင်း၊ ကိုယ်စားလှယ် ၁၀၄ ဦး အသီးသီး တက်ရောက်ကြသည်။**




အစည်းအဝေးတွင် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန Secretary General YBhg. Dato' Sri Wan Ahmad Dahln bin Haji Abdul Aziz နှင့် မလေးရှားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့(NADA) ညွှန်ကြားရေးမှူးချုပ် Mr. Sutekno AhMad Belon တို့က အမှာစကားပြောကြား၍ စတင်ဖွင့်လှစ်ပြီး အာဆီယံဒေသအတွင်း မူးယစ်ဆေးဝါးတားဆီး ကာကွယ်ရေးနှင့် ပတ်သက်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်း၊ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်း၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

အာဆီယံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာနိုင်ငံများအလိုက် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် တရားဝင်ထုတ်ပြန်ခဲ့သည့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒသစ်တွင် ပါဝင်သည့် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုး ဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးဆိုသည့် လုပ်ငန်းကဏ္ဍ(၅)ရပ်နှင့်အညီမူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့မှု ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၆ သန်းကျော်နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အမေရိကန်ဒေါ်လာ ၃၉၃ သန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ(MoU)ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုး၍ ရှမ်းပြည်နယ်တောင်ပိုင်းတွင် အစားထိုး ဖွံ့ဖြိုးမှုစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှည်လျားသောနယ်နိမိတ်ထိစပ်နေပြီး ထိန်းချုပ်ရန်ခက်ခဲခြင်းတို့အပေါ် အခွင့်ကောင်းယူကာ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများသို့ တရားမဝင် နည်းလမ်းမျိုးစုံနှင့် ဝင်ရောက်လျက်ရှိနေမှု၊ မြန်မာနိုင်ငံသည်ဓာတုပစ္စည်း အများဆုံးထွက်ရှိသော အိမ်နီးချင်းစက်မှုဖွံ့ဖြိုးသည့် နိုင်ငံကြီးများအကြားတည်ရှိနေသည့်အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် INCB၊ UNODC ရန်ကုန်မြို့ အခြေစိုက် UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်မှုများကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ (၇)ကြိမ်မြောက် အာဆီယံ-တရုတ်ဆွေးနွေးညှိနှိုင်းခြင်း အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က တရုတ်နိုင်ငံနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး (၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း ဦးလှသိန်းနှင့် အဖွဲ့ဝင်ဟောင်း ဦးမြင့်နိုင်တို့၏ ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲမဲမသမာမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်ဒဏ်ကျခံရမှုအပေါ် ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့သည့် ထုတ်ပြန်ချက်

နေပြည်တော်၊ နိုဝင်ဘာ ၉ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်အား လွှဲပြောင်းရယူပြီးနောက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အစဉ်အမြဲ ရှေးရှုဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ပြစ်ဒဏ်ကျခံနေရသူများအပေါ်တွင်သော်လည်းကောင်း၊ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေသူများအပေါ်တွင်လည်းကောင်း အတတ်နိုင်ဆုံး အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီအစိုးရမှ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ခန့်အပ်ထားပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုများလုပ်ဆောင်ခဲ့၍ ရာဇသတ်ကြီး ပုဒ်မ ၁၃၀(က)ဖြင့် ထောင်ဒဏ် ၃ နှစ်စီ ပြစ်ဒဏ်အသီးသီး ချမှတ်ခြင်းခံထားရသူများအနက် ယခင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်ဟောင်းဖြစ်သူ ဦးမြင့်နိုင်တို့လည်း ပါဝင်ခဲ့သည်။ တပ်မတော်အနေဖြင့် ၎င်းတို့၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်အပေါ် ပြန်လည်ဖြေရှင်းပေးရန် တောင်းဆိုမှုနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတဟောင်းဖြစ်သူ ဦးဝင်းမြင့်ထံ ၎င်းတို့မှတင်ပြခဲ့သော်လည်း နိုင်ငံတော်သမ္မတဟောင်းက ၎င်း၏နိုင်ငံရေးအရ ရရှိထားသည့် အခွင့်အာဏာထက်ကျော်လွန်ကာ ကော်မရှင်လုပ်ဆောင်ချက်များအပေါ် လွှမ်းမိုးထားမှုရှိခဲ့ပြီး မဲစာရင်းများကို ပြန်လည်စစ်ဆေးရန် ငြင်းဆန်ခဲ့ကြောင်း ၎င်းတို့ကိုယ်တိုင်၏ ထုတ်ဖော်ပြောဆိုချက်များအရ အများပြည်သူတို့ သိရှိပြီးဖြစ်သည်။

၃။ အဆိုပါ ပြစ်မှုကျူးလွန်သူများအနေဖြင့် ပြစ်ဒဏ်ကျခံရာတွင် ၎င်းတို့၏ အသက်အရွယ်ကြီးမြင့်မှုနှင့် ကျန်းမာရေးအခြေအနေတို့အရ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ်ဝန်ခံလျက် ဆက်လက်ကျခံရန်ကျန်ရှိနေသည့်ပြစ်ဒဏ်အား ဖြေလျှော့ပေးပါရန် နိုင်ငံတော်အစိုးရထံသို့ အသနားခံစာ တင်ပြခဲ့ကြသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော် အစိုးရအနေဖြင့် ယခင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးလှသိန်းနှင့် အဖွဲ့ဝင်ဟောင်းဖြစ်သူ ဦးမြင့်နိုင်တို့အား လူမှုရေးအရ ငဲ့ညှာသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့၌ ဆက်လက်ကျခံရန်ကျန်ရှိနေသည့် ပြစ်ဒဏ်များအား ဖြေလျှော့ပေး၍ ကျခံနေရသည့် ပြစ်ဒဏ်အသီးသီးမှ ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ တက်ရောက်ပြီး မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၉

**စစ်ကိုင်းတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးတွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



### သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်း

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ၂၂ ဦး တက်ရောက်သွားမည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တရားလွှတ်တော်တရားသူကြီးများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်သောင်းအောင်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် တရားရေးစီရင်မှုလုပ်ငန်းများနှင့် တရားရုံးမှဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

### မုံရွာမြို့ ပြည်ထောင်စုဈေးတည်ဆောက်

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ကန်သာဦး ရပ်ကွက်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်မြေ ၁၇ ဒသမ ၂၅ ဧကပေါ်တွင် ပြည်ထောင်စုဈေးတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် တာဝန်ရှိသူများက ဈေးရုံတစ်ရုံလျှင် အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ ဈေးရုံ ၃၂ ရုံတွင် ဈေးဆိုင်ခန်းတစ်ခန်း အလျား ၈ ပေ၊ အနံ ၆ ပေရှိ ဈေးဆိုင်ခန်းပေါင်း ၁၂၈၀ တည်ဆောက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဈေးကြီးတည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အိုးဘိုတောင်ရပ်ကွက်ရှိ အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားသည့် စိုက်ခင်းသို့ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ကောက်ရိုးမှို၊ ငွေနှင်းမှိုနှင့် အာဟာရပြည့်ဝသော စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံ စံပြစိုက်ခင်းကို လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၉**

မွန်ပြည်နယ်တွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်၌ ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးဆက်သစ်များ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက် ရှိကြောင်း၊ အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဒေသဆိုင်ရာ သင်ရိုးကို ဘာသာရပ်တစ်ခုအနေဖြင့် မူလတန်းအဆင့်မှ စတင်သင်ကြားပေးရန် ရေးဆွဲပြဋ္ဌာန်းထားပြီး တိုင်းရင်းသား ဘာသာစကား၊ ဒေသဆိုင်ရာ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုစသည့် အခြေခံအကြောင်းရင်းများကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း။

တိုင်းရင်းသား ဘာသာစကားသင် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေး စွမ်းရည်မြင့်မားရေး အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး တိုင်းရင်းသားဘာသာ စကားများအပေါ် အထူးအလေးထားကာ စကား၊ စာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသိင်္ဂီကျော်က အထောက်အကူပြု ဆွေးနွေးပွဲ ဖွင့်လှစ် ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားဘာသာစကားသင် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တိုင်းရင်းသားဘာသာ စကားသင် ဆရာ၊ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်မှ ၂၅ ရက်အထိ ၂၃ ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်မွေးဆည်ဝန်ကြီးဌာန စကားဝိုင်းမှသည် ...

မောင်အောင်

“ကနေ့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ လစဉ်လ တစ်လရဲ့ ပထမပတ် ဗုဒ္ဓဟူးနေ့ စကားဝိုင်းပုံမှန်ကျင်းပလာခဲ့တာ (၁၅) ကြိမ်မြောက်ရှိသွားပါပြီ။ ကနေ့စကားဝိုင်းမှာ ဆွေးနွေးပြောကြားကြမယ့် ခေါင်းစဉ်ကတော့ “လယ်ယာကဏ္ဍအတွက် ရေအရင်းအမြစ်စီမံခန့်ခွဲရေး” ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဝန်ထမ်းတွေ သိကြတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူကတည်းက ချမှတ်ခဲ့တဲ့ ဦးတည်ချက်(၉) ရပ်အနက် စီးပွားရေးဦးတည်ချက်ရဲ့ ပထမအချက်မှာ “စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး” ဆိုတဲ့ အချက်ပါရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်တဲ့အပြင် နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောအရပ်ဒေသမှာနေကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနဲ့ အဓိကအသက်မွေးဝမ်းကျောင်းပြုကြတာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီးက နိုင်ငံတော်ရဲ့ လူအများစုဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ ချမ်းသာဖို့၊ ဝင်ငွေတိုးတက်ရရှိဖို့အတွက် စိုက်ပျိုးမွေးမြူရေးကို အဓိကထားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။”

“ဒါ့အပြင် မနေ့က နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၈/၂၀၂၂) မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ MSME လုပ်ငန်းအတွက် အဓိကလိုအပ်ချက်လေးခုရှိပြီး ၎င်းတို့မှာ ကုန်ကြမ်း ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များ ဖြစ်ကြောင်း၊ ကုန်ကြမ်းနှင့်ပတ်သက်၍ ပြည်ပမှဝယ်ယူခြင်းထက် ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများနှင့် သဘာဝ




သယံဇာတ ကုန်ကြမ်းအရင်းအမြစ်များကို အသုံးပြုမည်ဆိုပါက နိုင်ငံခြားငွေကြေးသုံးစွဲမှုများ သက်သာစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းဖြင့် ကုန်ထုတ်လုပ်မှုဆောင်ရွက်သည့် MSME လုပ်ငန်းများသည် ပိုမိုအကျိုးဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများမှ ကုန်ကြမ်းများစွာထွက်ရှိကြောင်း မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ လှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက ပိုမိုဖြစ်ထွန်းအောင်မြင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများထုတ်လုပ်ပေးနိုင်ကြောင်း၊ စိုက်ပျိုးရေးတွင်လည်း မိမိအမြဲတမ်းပြောခဲ့သလို မြေ၊ ရေ၊ မျိုး၊ နည်းပညာနှင့် သွင်းအားစုလိုအပ်ကြောင်း၊ ဒီနေရာမှာ အဖိုးတန်ရေနှင့်ပတ်သက်၍ ချွေတာသုံးစွဲရန်လိုအပ်ကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့သည့်အတွက် ယခင်နှစ်ကာလတူထက် မိုးရေချိန်နည်းပါးခဲ့ပြီး တာတမံ၊ ဆည်များအတွင်းသို့ ရေဝင်ရောက်မှု လျော့နည်းခဲ့ကြောင်း၊ သို့ဖြစ်၍ ထိုရေများကို စိုက်ပျိုးရေးလုပ်ငန်းများမှာ သုံးစွဲရာတွင် ထိထိရောက်ရောက်နှင့် စနစ်တကျ သုံးစွဲရန်လိုကြောင်း။”

**ရေအရင်းအမြစ်စီမံခန့်ခွဲရေး**

“ဒါ့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်က ရေကိုအဟောသိကံသုံးစွဲခြင်းမျိုး မပြုလုပ်ဘဲ၊ ရေကို ချွေတာသုံးစွဲကြရန် လိုကြောင်း၊ လာမည့်နွေရာသီ၌ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးစတဲ့ မြေလတ်ဒေသများမှာ ရေရှားပါးမှုကိစ္စများဖြစ်ပေါ်နိုင်တဲ့အတွက် ရေရရှိရေးအတွက် တာဝန်ရှိသူများက ကြိုတင်စဉ်းစားပြီး စီမံဆောင်ရွက်ထားကြဖို့ လိုကြောင်း ပြောကြားသွားပါတယ်။ ဒါ့ကြောင့် ကနေ့ ကျွန်တော်တို့ပြုလုပ်တဲ့ **“လယ်ယာကဏ္ဍအတွက် ရေအရင်းအမြစ် စီမံခန့်ခွဲရေး”** စကားဝိုင်းဟာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှာကြားချက်ကို ချက်ချင်းဆွေးနွေး၊ ချက်ချင်းအဖြေရှာပြီး အကောင်အထည်ဖော်ဖို့ စကားဝိုင်းဖြစ်တဲ့အတွက် ထူးခြားတဲ့ စကားဝိုင်းတစ်ခုလို့ ဆိုနိုင်တယ်လို့ ပြောချင်ပါတယ်။”

စကားဝိုင်းအဖွင့် အမှာစကားပြောကြားနေသည့် ဒုတိယဝန်ကြီးက တက်ရောက်လာသော ဝန်ထမ်းများကို အကဲခတ်ကြည့်လိုက်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့် မိမိတို့ ရွေးချယ်ထားသည့် စကားဝိုင်း၏ ခေါင်းစဉ်ကို အကွက်ကျကျပြောဆိုနေသည့် အမှာစကားအပေါ် ဝန်ထမ်းများ စိတ်ဝင်စားနေကြပါသည်။

“စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ တကယ်တမ်းပြောရမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံက ရေအရင်းအမြစ်ကြွယ်ဝတယ်။ မြန်မာနိုင်ငံရဲ့ မြေပေါ်ရေသယံဇာတ ပမာဏဟာ ဧကပေ ၈၇၆ သန်းကျော်ရှိတယ်။ အဲဒီအထဲက လက်ရှိထုတ်ယူသုံးစွဲနေတာ ၂ ဒသမ ၃ ရာခိုင်နှုန်းပဲ ရှိသေးတယ်။ လယ်ယာကဏ္ဍအတွက် လက်ရှိသုံးစွဲနေတဲ့ ရေအရင်းအမြစ်ကတော့ အဓိကအားဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တာတမံတွေက ရေနဲ့ မြေအောက်ရေကို ထုတ်ယူအသုံးပြုခြင်းပဲ ဖြစ်တယ်။ မြစ်ချောင်းတွေက ရေကို ရေလှောင်တမံတွေ၊ ရေလွှဲဆည်တွေ တည်ဆောက်ပြီး အသုံးပြုတာရှိသလို မြစ်ရေတင်စီမံကိန်းတွေကနေ ရေပေးဝေတာ၊ မြေအောက်ရေတွင်းတူးဖော်ပြီး ရေပေးဝေတာရှိတယ်။”

“ဘယ်နည်းနဲ့ပဲ ရေပေးပေး စနစ်တကျ စီမံခန့်ခွဲမှုအရေးကြီးတယ်။ ပြီးခဲ့တဲ့ သုံးလလောက်က ကျွန်တော်လယ်ဝေးမြို့နယ် မဲဒီးရွာမှာ ကောက်စိုက်စက်နဲ့ ကောက်စိုက်တာ သရုပ်ပြပွဲလုပ်တော့ တက်ရောက်လာတဲ့တောင်သူတစ်ဦးက “အဘတို့ ဒီမှာလယ်တွေ ထွန်ယက်ပြီးလို့ ကောက်တောင်စိုက်နေပြီ။ ကျွန်တော့်လယ်မှာတော့ ရေတစ်စက်မှ မရသေးလို့ အခုချိန်အထိ မြေပြင်ဖို့တောင် ခက်နေတယ်။ ဆည်ရေဘယ်တော့ပေးမှာလဲလို့ လာပြီးမေးတယ်။ ကျွန်တော်နဲ့ အတူပါသွားတဲ့ ဆည်မြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ခင်ဗျား လက်တံခုနစ် မြောင်းဖျားက လယ်တွေ မဟုတ်လား။ ဒီမနက် ရေစပြီးလွှတ်ပေးနေပြီ။ အရေးကြီးတာက ခင်ဗျားတို့ ရေပေးမြောင်း၊ လယ်ကြားမြောင်းတွေကို နည်းနည်းပြန်ပြီးဆယ်လိုက်၊ အထဲမှာမြက်တွေ၊ ပေါင်းတွေရှိရင် ရေသွားတာနှေးတာပေါ့။နောက်ပြီး ရေပေးမြောင်းဘေး ပျက်နေတာ နည်းနည်းပြုပြင်ပေး၊ ကျွန်တော်တို့ဆည်မြောင်းက ဝန်ထမ်းတွေလည်းလွှတ်ပေးမယ်။ ခင်ဗျားတို့ကလည်း ရေပေးမြောင်း၊ လယ်ကြားမြောင်းတွေ ကောင်းအောင်တော့ လုပ်ကြ။ ကျွန်တော့် ဖုန်းနံပါတ်ယူသွား၊ ရေရောက်ရင်ဖုန်းဆက်လိုက်” ဆိုပြီး ဖုန်းနံပါတ်ပေးလိုက်တယ်။ အဲဒီညနေဖောင်းလောင်ဆည်မှာ ကျွန်တော့်ကို ဆည်အကြောင်းရှင်းပြနေတုန်း ဆည်မြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်းမြည်လာတယ်။ စောစောက တောင်သူဆီက ဖုန်းဆက်လာတာ၊ သူ့လယ်ထဲ ရေရောက်ပြီတဲ့။

**နိုင်ငံအတွက်ပါ အရေးကြီး**

အဲဒီတော့ ရေစီမံခန့်ခွဲမှုက အလွန်အရေးကြီးတယ်။ ဒါ့ကြောင့် ဆည်မြောင်းဦးစီးဌာနက ရေအသုံးချသူများအဖွဲ့ (WUG– Water User Group)၊ ရေအသုံးချသူများအသင်း (WUA– Water User Association) တွေဖွဲ့ပြီး တောင်သူတွေကို စနစ်တကျ ပညာပေးနေတာ။ စိုက်ပျိုးရေးလုပ်တာကတော့ အခုမှမဟုတ်ဘူး။ မြတ်စွာဘုရား လက်ထက်ကတည်းက ကောသလပြည်နဲ့ ကပိလဝတ်ပြည်တို့ ဂင်္ဂါမြစ်ရေ၊ စိုက်ပျိုးရေးလုပွဲဖြစ်ကြတယ်။ ပထမတော့ တောင်သူတွေနဲ့ စပြီး ဖြစ်ကြတယ်။ နောက်ပိုင်း ရှင်ဘုရင်တွေပါ ပါလာပြီး နှစ်ပြည်ထောင် စစ်ဖြစ်ပွားတော့မယ့် အခြေအနေရောက်တော့ မြတ်စွာဘုရားကိုယ်တော်တိုင်ကြွလာပြီး **“မဟာသမယသုတ်”** တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး စိုက်ပျိုးရေလုပွဲကို အဆုံးသတ်စေခဲ့ရတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေစီမံခန့်ခွဲမှုဟာ အထူးအရေးကြီးတယ်။ ဒီနေ့စကားဝိုင်းဟာ စိုက်ပျိုးရေးဆောင်ရွက်နေတဲ့ တောင်သူလယ်သမားများအတွက်သာမက စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်ပါ အရေးကြီးတာကြောင့် ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့စကားဝိုင်းမှာ ဆည်မြောင်းနဲ့ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) က ဦးကောင်းမြတ်သိန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် တာဝန်ယူပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲက ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်နိုင်၊ ဖြည့်တင်းရေးဌာနခွဲက ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သီဟ၊ မန္တလေးတိုင်းဒေသကြီးက လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မြင့်အောင်၊ ရေအရင်းအမြစ် မြေအောက်ရေဌာနခွဲက ဦးအောင်ခိုင်မိုးနဲ့ စိုက်ပျိုးရေးဦးစီးဌာနခွဲ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမျိုးကျော်သူတို့က ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ဒီဆရာတွေအနေနဲ့ သူတို့ဖြတ်သန်းလာခဲ့ကြရတဲ့ ဘဝ အတွေ့အကြုံအပေါ်မူတည်ပြီး “လယ်ယာကဏ္ဍအတွက် ရေအရင်းအမြစ်စီမံခန့်ခွဲရေး” ဟာ ဘယ်လောက်အရေးကြီးတယ်။ ဘာတွေလုပ်သင့်တယ်။ ပြဿနာတစ်ခု ဖြစ်ပွားလာရင် ဘယ်လိုဖြေရှင်းကြမယ် ဆိုတာကို ရှင်းလင်းဆွေးနွေးကြမယ်လို့ မျှော်လင့်ရတာကြောင့် အတော်လေးကို စိတ်ဝင်စားဖွယ်ရှိမယ့် ဆွေးနွေးပွဲတစ်ပွဲဖြစ်လာမယ့်အတွက် အားလုံးစိတ်ပါဝင်စားစွာ နားထောင်ကြပါ။ ပြီးရင်လည်း မရှင်းလင်းတာတွေကို ပါဝင်မေးမြန်းဆွေးနွေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။”

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားကို အားပါးတရ ပြောကြားရင်း နိဂုံးချုပ်လိုက်သည်။

**ကျင်းပပြီးသော ဆွေးနွေးပွဲများ**

ဤကဲ့သို့သော ဗုဒ္ဓဟူးနေ့စကားဝိုင်းများကို ၂၀၂၁ ခုနှစ် စက်တင်ဘာလကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရင်း အဖြေရှာကြရန် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ လတစ်လ၏ ပထမပတ် ဗုဒ္ဓဟူးနေ့တွင် ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

**ရေဟာ သဘာဝအရင်းအမြစ်ဖြစ်ပေမယ့် အဲဒီသဘာဝ အရင်းအမြစ်ကို စနစ်တကျချွေတာသုံးစွဲကြဖို့ လိုတယ်။ လူတိုင်းလူတိုင်း ရေကိုမျှမျှတတသုံးစွဲနိုင်ရေး၊ ရေအသုံးချမှုအခွင့်အရေး (Water Right) ကို သာတူညီမျှရရှိဖို့အတွက် လိုအပ်တဲ့ပြဋ္ဌာန်းချက်တွေ ပြဋ္ဌာန်းပေးဖို့လိုတယ်။ တစ်ဖက်ကလည်း ရေအရင်းအမြစ်စီမံခန့်ခွဲရေးကို စနစ်တကျဆောင်ရွက်ကြဖို့ ရေတိုရေရှည်စီမံကိန်းတွေ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့လိုတယ်**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) သို့ ဆေးပဒေသာပင် ကျပ်သိန်း ၅၀ လှူဒါန်း

**အောင်ပန်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အောင်ပန်းအမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) သို့ ဆေးပဒေသာပင် အလှူငွေလှူဒါန်းပွဲကို နိုဝင်ဘာ ၈ ရက်က အဆိုပါဆေးရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို ဗိုလ်မှူးချုပ်စောရန်နိုင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (အောင်ပန်း) ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်းရှိ ဟိုတယ်များ၊ ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများရရှိရေး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖော်ဆောင်ရေး ဦးတည်လျက် ဝိုင်းဝန်း ပူးပေါင်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်းက သင်တန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက သင်တန်း တက်ရောက်မည့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြ၍ သင်တန်းတွင် လက်တွေ့ပို့ချမည့် အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊




အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှု သင်တန်းပို့ချမည့်နေရာကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်လျက်ရှိပြီး သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဟဲဟိုးမြို့ရှိ မျိုးချစ် တိုးချဲ့နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက တိုးချဲ့နို့စားနွားခြံနှင့်ပတ်သက်၍ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က နို့စားနွားခြံမွေးမြူထားရှိမှု၊ နို့ညှစ်စက်များ၊ ဒိန်ချဉ်၊ ထောပတ်ထုတ်လုပ်မှုများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ မျိုးချစ် တိုးချဲ့နွားမွေးမြူရေးခြံမှ တစ်ရက်လျှင် နွားနို့ ပိဿာချိန် ၁၀၀ ကျော် ထွက်ရှိပြီး ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ ဖြန့်ချိရောင်းချလျက်ရှိသည့်အပြင် ဒိန်ချဉ်၊ နို့ခဲ၊ ထောပတ်များကိုပါ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ထို့ပြင် ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းသား ကျောင်းသူ ၄၅၀၀ အား နွားနို့ တိုက်ကျွေးသွားမည့် အစီအစဉ်တွင် တောင်ကြီးမြို့နယ်အတွက် အသင့်သောက်သုံးနိုင်သည့် နို့ဘူးများကို မျိုးချစ်နွားမွေးမြူရေးခြံက ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# မကွေးတိုင်းဒေသကြီး၌ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး ဆွေးနွေး



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ တွေ့ဆုံစဉ်။

**မကွေး နိုဝင်ဘာ ၉**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန မကွေးပညာရေးဒီဂရီကောလိပ်၌ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက်က မကွေးပညာရေးဒီဂရီကောလိပ် ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

**တိုင်းရင်းသားဘာသာစကား ၆၃ မျိုး သင်ကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားဘာသာစာပေတိုးတက်ရန်နှင့် ရေရှည်တည်တံ့စေရန် ဆောင်ရွက်နေသလို ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ရန် ဒေသခံတိုင်းရင်းသားဆရာနှင့် ဘာသာစကားသင်ဆရာ ၃၁၇၄၂ ဦးအား ခန့်အပ်တာဝန်ပေးအပ်ပြီး တိုင်းရင်းသား ဘာသာစကား ၆၃ မျိုးကို သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးရမည့် မျိုးဆက်သစ်လူငယ်များအား မိမိတို့ရိုးရာယဉ်ကျေးမှုများကို တန်ဖိုးထားထိန်းသိမ်းစေရန်၊ လူတော်လူကောင်း များဖြစ်လာအောင် သင်ကြားပေးကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ မကွေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမ ၁၂၉ ဦး တက်ရောက်လျက်ရှိပြီး နိုဝင်ဘာ ၃ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

*စာမျက်နှာ ၁၀ မှ*

၂၀၂၁ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ပထမအကြိမ်အဖြစ် “မြန်မာနိုင်ငံ၏ စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဒုတိယအကြိမ်တွင် “မြန်မာနိုင်ငံ နွားမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊” တတိယအကြိမ်တွင် “မြန်မာနိုင်ငံ၏ ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊” စတုတ္ထအကြိမ်တွင် “မြန်မာနိုင်ငံ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး”၊ ပဉ္စမအကြိမ်တွင် “ICT in Agriculture: Present and Future၊” ဆဋ္ဌမအကြိမ်တွင် “စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရေး၊” သတ္တမအကြိမ်တွင် “အသားစားနွားမွေးမြူရေး တန်ဖိုးကွင်းဆက်၊” အဋ္ဌမအကြိမ်တွင် “လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊” နဝမအကြိမ်တွင် “ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊” ဒသမကြိမ်တွင် ရော်ဘာတန်ဖိုး ကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေး”၊ (၁၁) ကြိမ်မြောက်တွင် “လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက်ရေး”၊(၁၂)ကြိမ်မြောက်တွင် “ငါးသယံဇာတထိန်းသိမ်းရေး၊” (၁၃) ကြိမ်မြောက်တွင် “ကြံသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး” နှင့် (၁၄) ကြိမ်မြောက်တွင် “လယ်ယာမြေစီမံခန့်ခွဲရေး ဖွံ့ဖြိုးတိုးတက်ခြင်း” ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ကြပြီးဖြစ်သည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ ကိုယ်တိုင်တက်ရောက်**

ဆွေးနွေးပွဲ စကားဝိုင်းတိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများလည်း အွန်လိုင်းဖြင့် တက်ရောက်ခဲ့ပြီး ပါဝင်မေးမြန်းဆွေးနွေးကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကိုယ်တိုင် တက်ရောက်အမှာစကားပြောကြား၍ ဆွေးနွေးပွဲအပြီးတွင်လည်း သုံးသပ်ဆွေးနွေးပြောကြားကြသဖြင့် စကားဝိုင်းများက စိုပြည်လှသည်။ အနှစ်သာရရှိလှပါသည်။

“အဲဒီတော့ ကနေ့စကားဝိုင်းကို ပြန်ပြီးသုံးသပ်ကြည့်ရင် ရေဟာ သဘာဝအရင်းအမြစ်ဖြစ်ပေမယ့် အဲဒီသဘာဝအရင်းအမြစ်ကို စနစ်တကျချွေတာသုံးစွဲကြဖို့လိုတယ်။ လူတိုင်းလူတိုင်း ရေကို မျှမျှတတသုံးစွဲနိုင်ရေး၊ ရေအသုံးချမှုအခွင့်အရေး (Water Right) ကို သာတူညီမျှရရှိဖို့အတွက် လိုအပ်တဲ့ ပြဋ္ဌာန်းချက်တွေ ပြဋ္ဌာန်းပေးဖို့လိုတယ်။ တစ်ဖက်ကလည်း ရေအရင်းအမြစ်စီမံခန့်ခွဲရေးကို စနစ်တကျဆောင်ရွက်ကြဖို့၊ ရေတိုရေရှည်စီမံကိန်းတွေ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့လိုတယ်။ ဒါနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့နှစ် နွေရာသီမှာ ရေအလွန်အခက်အခဲရှိတဲ့ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်လယ်စုညောင်ပင်ရွာမှာ ကျွန်တော်တို့ဝန်ကြီးဌာန ဆည်မြောင်းနဲ့ ရေအသုံးချရေး စီမံခန့်ခွဲရေးဦးစီးဌာနက ရေအောက်တမံ (Underground Dam) တစ်ခုဆောက်ပေးခဲ့တယ်။ အဲဒီတမံဆောက်ပေးပြီး သုံးလလောက်ကြာတော့ အဲဒီရေအောက်တမံရဲ့ အခြေအနေနဲ့ အကျိုးဖြစ်ထွန်းမှုရှိမရှိ ကျွန်တော်သွားပြီးကြည့်တယ်။ ကျွန်တော်ရောက်လာမှန်းသိတော့ ရွာသားတွေရောက်လာကြပြီး ကျေးဇူးတင်ကြောင်း လာပြီးပြောကြတယ်။ ချောင်းထဲမှာ ဟင်းသီးဟင်းရွက်ပင်လေးတွေစိုက်လို့ရပြီး ရွာထဲက ရေတွင်းတွေလည်း ရေမျက်နှာပြင်မြင့်တက်လာတယ်လို့ ပြောကြတယ်။”

အားလုံးသိကြတဲ့အတိုင်း ရွာမှာ သဲချောင်းတွေက မိုးရွာလာရင် ရေဒလဟောစီးပြီး ကားတွေ၊ လူတွေ၊ နွားလှည်းတွေတောင် ရေထဲမျောပါပြီး အသက်ဆုံးရှုံးကြရတယ်။ အဲမိုးရွာပြီး (သုံး-လေး) နာရီ လောက်လည်းကြာရော ချောင်းထဲမှာ ရေတစ်စက်မှ မရှိတော့ဘူး။ မိုးရွာရင် ရေစီးကြမ်းပြီး အန္တရာယ်ပေးတဲ့ နေရာမှာ ဒေါင်းသေချောင်းက နာမည်ကြီးပဲ။ ရေအောက်တမံဆိုတာက ချောင်းအကျဉ်းဆုံးနေရာ၊ အောက်ခြေသေချာတဲ့နေရာမှာ ချောင်းကိုအုတ်တံတိုင်းနဲ့ ကန့်လန့်ဖြတ်ပိတ်ပေးလိုက်တာပဲ။ အဲဒီရွာမှာ အဲဒီလိုလုပ်ပေးလိုက်တော့ ကျေးဇူးတင်ကြလွန်းလို့လာပြီး ကျေးဇူးတင်စကားပြောကြတာ။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ပြောကြားချင်တာကတော့ သဘာဝအရင်းအမြစ်ရေကို စနစ်တကျစီမံခန့်ခွဲပြီး အသုံးချကြမယ်ဆိုရင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး လူ့ဘောင်လောက ငြိမ်းချမ်းသာယာမှာလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။”

ဒုတိယဝန်ကြီးက ရေအရင်းမြစ်စီမံခန့်ခွဲရေးနှင့် ချွေတာသုံးစွဲရေးကို ပြောကြားရင်း သူ့စကားကို နိဂုံးချုပ်လိုက်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စကားဝိုင်းများသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသာမက တိုင်းပြည်၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိလှပါသည်။ သည်အတွေးကြောင့်လည်း ယခု “စိုက်မွေးဆည်ဝန်ကြီးဌာန စကားဝိုင်းမှသည်” ဆောင်းပါးကို ရေးဖြစ်ပါသည်။ ။

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ



ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ဆန်ကွဲ၊ ရော်ဘာ၊ နံ့စားပြောင်းနှင့် ပြောင်းတို့ကို အဓိကထားတင်ပို့လျက်ရှိပြီး ဝဥအစို၊ ဝဥအခြောက်၊ (ရော်ဘာကြမ်း)တို့ကိုလည်း တင်ပို့လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း ပြောင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြောင်းတင်ပို့မှု များပြားလာလျက်ရှိသည်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ပို့ကုန်တင်ပို့မှုမှာ ၄ ဒသမ ၁၅၅ ဒေါ်လာသန်းဖြစ်ပြီး ယခင်တစ်ပတ်က ၂ ဒသမ ၁၉၇ ဒေါ်လာသန်းဖြစ်သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ၁ ဒသမ ၉၅၈ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုအနေဖြင့် စားသောက်ကုန်၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိသည်။ ယခုတစ်ပတ်အတွင်း အိမ်ရိုက်သံ၊ သံပိုက်၊ နန်းခွေ၊ အပင်ပိုးသတ်ဆေးများ၊ မြေဆီ၊ စောင်၊ ကြွေပြား၊ စက်ဘီးအပိုပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ ကြက်အူချောင်း၊ စတီးချိုင့်၊ စတီးလင်ပန်း၊ စတီးဇွန်း/ခက်ရင်း၊ စတီးဇလုံ၊ စတီးခွက်၊ ကော်စေ့များ စသည့်လူသုံးကုန် ပစ္စည်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများဆုံး တင်သွင်းနိုင်ခဲ့သည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း သွင်းကုန်တင်သွင်းမှုမှာ ၁ ဒသမ ၄၄၃ ဒေါ်လာသန်းဖြစ်ပြီး ယခင်တစ်ပတ်က ၄ ဒသမ ၈၂၉ ဒေါ်လာသန်း ဖြစ်သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၃၈၆ ဒေါ်လာသန်းလျော့နည်းခဲ့သည်။ လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက်ဈေးအရ ယွမ်ငွေ ၁ ယွမ်လျှင် ၄၂၇ ကျပ်၊ ၄၃၅ ကျပ်ဝန်းကျင် ဖြစ်ပေါ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်း အနည်းငယ်ပြောင်းလဲမှုရှိကြောင်း သိရသည်။

# ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလအတွင်း ငှက်ပျောတင်ပို့မှုအခြေအနေ

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောကို နိုဝင်ဘာလပထမပတ်အတွင်း တန်ချိန် ၁၉၀၀ တန်၊ ယာဉ်စီးရေ ၇၆ စီး အမှန်တင်ပို့ နိုင်ခဲ့ပြီး လွန်ခဲ့သော အောက်တိုဘာလ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ငှက်ပျောတင်ပို့မှု ပိုမိုလာကြောင်း တွေ့ရှိရသည်။ ငှက်ပျောစိုက်ပျိုးသော ကုမ္ပဏီများထံ မေးမြန်းစုံစမ်းမှုအရ နိုဝင်ဘာလမှစတင်၍ တစ်သျှူးငှက်ပျော ထွက်ရှိသည့်ကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် နောင်ကာလများတွင် တစ်သျှူးငှက်ပျောတင်ပို့မှု ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ် ကန်ပိုက်တီမြို့၏ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁-၁၀-၂၀၂၂ ရက်မှ ၃၁-၁၀-၂၀၂၂ ရက်ထိ တရုတ်ငွေ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ အနိမ့်ဆုံး ၃၃၃ ကျပ်မှ အမြင့်ဆုံး ငွေကျပ် ၄၅၀ထိ ဖြစ်ပေါ်ခဲ့ပြီး ငွေလဲနှုန်းတည်ငြိမ်မှုမရှိဘဲ အောက်တိုဘာလ လဆန်းပိုင်းမှလကုန်ပိုင်းအတွင်း ၁၁၇ ကျပ်အထိ ငွေလဲနှုန်း ပြောင်းလဲမှုရှိနေသည်ကို တွေ့ရှိရသည်။ အောက်တိုဘာလ စတုတ္ထပတ်မှ နိုဝင်ဘာလပထမပတ်အထိ ငွေလဲနှုန်းပြောင်းလဲမှုမရှိဘဲ တရုတ်ငွေ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၄၃၅ ကျပ်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

# စစ်ကိုင်းခရိုင်မှ ဝါစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

စစ်ကိုင်းခရိုင်တွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တို (မလှိုင်ဝါ၊ ဝါကြီး) တို့ စိုက်ပျိုးကြသည်။ ဝါမျိုးစုံ မျိုးကွဲအလိုက် မိုးကြိုတွင် (ရွှေ-၈၊ ငွေ-၉)၊ မိုးတွင်( ငွေ-၆၊ ရွှေ-၈၊ ငွေ-၉)နှင့် မိုးနှောင်းတွင် (ငွေ-၆၊ ရွှေ-၈၊ ငွေ-၉) မျိုးများကို စိုက်ပျိုးကြသည်။ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံ (ချည်မျှင်ရှည်ဝါ) လျာထားဧက ၃၉၈၁၂ ၊ အမှန်စိုက်ဧက ၄၀၁၈၆ ဖြစ်ရာ လျာထားချက်ထက် ၁၁၀ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။



ဝါသီးနှံမျိုးစေ့ထုတ် စံပြကွက် ၃၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဝါကောက်သိမ်းခြင်း (၃-၄) ကြိမ်ခန့် ပြုလုပ်ပြီးဖြစ်သည်။ အထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် ပိဿာ ၅၅၀ ခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၏ တစ်ဧကကုန်ကျစရိတ်ငွေကျပ် ငါးသိန်းဖြစ်ပြီး ဝင်ငွေအနေဖြင့် တစ်ဧကအထွက် ပိဿာ ၅၀၀ ကိုအခြေခံ၍ တစ်ပိဿာရောင်းဈေး ငွေကျပ် ၂၀၀၀ ခန့် ဈေးနှုန်းထားတွက်လျှင် ငွေကျပ် ၁၀ သိန်းခန့် ဝင်ငွေရရှိပြီး ငွေကျပ် ငါးသိန်းခန့် အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်သည်။

စိုက်ပျိုးထွက်ရှိသော ဝါများကို ပွဲစားများက ကျေးရွာအရောက် လာရောက်ဝယ်ယူ၍ ပြည်တွင်းသုံး ပုဂ္ဂလိကအသေးစားလုပ်ငန်းရှင်များသို့ ရောင်းချသည်။ ပြည်တွင်းသုံး ပုဂ္ဂလိကအသေးစား လုပ်ငန်းရှင်များအတွက် ဝါသီးသန့်ရောင်းချပြီး ပြည်ပဈေးကွက်အနေဖြင့် တရုတ်ပြည်သို့ ပြည်တွင်းဝါကြိတ်၍ ထွက်ရှိသောဂွမ်းများကို တင်ပို့ရောင်းချကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

# စလင်းမြို့နယ်၌ ပဲယင်းစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားရရှိနိုင်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ယခုနှစ်၌ ဆောင်းသီးနှံ ပဲယင်း ဧက ၂၀ စိုက်ပျိုးထားပြီး ယခင်နှစ်က ၁၅ ဧက စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိခဲ့သည်။ ပဲယင်းသည် နှစ်စဉ် စက်တင်ဘာလတွင် စိုက်ပျိုးပြီး ဇန်နဝါရီလတွင် အပြီးရိတ်သိမ်းခူးဆွတ်ကြရသည်။ မြေပြုပြင် စိုက်ပျိုးခြင်း၊ မျိုး၊ သွင်းအားစု၊ လုပ်အားခ အပါအဝင် တစ်ဧက ငွေကျပ် ရှစ်သိန်းခန့် ကုန်ကျပြီး ပဲယင်း တစ်ဧကလျှင် ၂၂ တင်းခန့် ထွက်ရှိသည်။ သီးနှံပေါ်ချိန်တွင် တစ်တင်းလျှင် အနိမ့်ဈေး ငွေကျပ် ၅၀၀၀၀ နှင့် အမြင့်ဈေး ငွေကျပ် ၇၀၀၀၀ ဖြင့် ရောင်းချရသည်။ တစ်ဧကလျှင် ခန့်မှန်း ၂၂ တင်းထွက်လျှင် အနိမ့်ဈေး ပဲယင်းတစ်တင်း ပေါက်ဈေး ငွေကျပ် ၅၀၀၀၀ ဖြင့် တွက်ပါက စုစုပေါင်း ငွေကျပ် ၁၁၀၀၀၀၀ ရရှိမည်ဖြစ်၍ တစ်ဧကစိုက်ပျိုးလျှင် အကျိုးအမြတ်အနေဖြင့် ငွေကျပ် သုံးသိန်းကျော်ရရှိနိုင်ကြောင်း သိရသည်။

**DOCA(မကွေး)**

## ၉.၁၁.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆ ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၄၀၀၀ | ၇၈၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၄၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၃၀၀ | | ၁၃၅၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၅၃၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၅၀၀ | ၂၅၃၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၆၀၀ | ၁၉၅၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | | ၄၃၀၀ | ၁၈၀၀ | ၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၈၀၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၃၅၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၄၄၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၅၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၉၅၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၆၀၀ | ၂၀၀၀ | ၈၀၀ | ၆၇၀၀ | ၄၃၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၆၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၆၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀ | ၁၇၅၀ | ၁၃၀၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၈၀၀၀ | ၂၇၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၅၅၀ | | ၉၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀ | ၈၀၀ | ၅၂၀၀ | ၅၀၀၀ | ၄၃၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၆၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၇၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၆၀၀ | ၅၅၀ | ၆၃၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၄၇၀၀ | ၄၂၀၀ | ၄၇၀၀ | ၅၃၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၃၀၀ | ၅၂၀၀ | ၄၃၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၈၀၀၀၀ |
| ၁၈ | ပြည် | 1800(သစ်) | | ၁၂၅၀၀ | ၆၇၀၀ | ၂၅၀၀၀ | ၄၄၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၈၀၀၀၀ |
| ၁၉ | ပဲခူး | 1800(သစ်) | | ၁၃၅၀၀ | ၆၈၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၁၀၀ | ၄၉၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၆၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၂၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၂၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၉၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၅၅၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၉၀၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၇၅၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |

**မှတ်ချက်။**

(၁) ကြက်သွန်နီ တစ်ပိဿာလျှင် လှိုင်လင်နှင့် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ရန်ကုန်တွင် ငွေကျပ် ၃၀၀၊ မုံရွာတွင် ငွေကျပ် ၁၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၆၀၀၊ အာလူးနှင့် သကြား တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၊ ကြက်သားတစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၂၀၀၀၊ ကလေးတွင် ငွေကျပ် ၁၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၀၊ အမဲသား တစ်ပိဿာလျှင် တောင်ကြီးနှင့် ထားဝယ်တွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ ပုသိမ်နှင့် မုံရွာတွင် ငွေကျပ် ၁၀၀၊ ချင်း တစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၂၀၀၊ မြိတ်တွင် ငွေကျပ် ၁၀၀၊ ဟားခါးတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၂၀၀၊ မြိတ်တွင် ငွေကျပ် ၁၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၅၀၀၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့် လွိုင်ကော်တွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀ ဈေးကျခဲ့ပါသည်။

# အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲ နောက်ဆုံးရလဒ်များရရန် အချိန်ယူရဦးမည်




**ဝါရှင်တန် နိုဝင်ဘာ ၉**

နိုဝင်ဘာ ၈ ရက် အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် လွှတ်တော်ကို မည်သူကထိန်းချုပ်နိုင်မည်ကို မဲဆန္ဒရှင်များသိနိုင်ရန် ရက်အတန်ကြာ အချိန်ယူရဦးမည်ဟု အမေရိကန် မီဒီယာများတွင် ဖော်ပြကြသည်။

### အပြိုင်အဆိုင်ကြိုးပမ်းနေ

အမေရိကန် အထက်လွှတ်တော်တွင် ၅၁ နေရာ သို့မဟုတ် အဓိကနေရာများကို ထိန်းချုပ်နိုင်ရေး အတွက် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန်များသည် အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်။ မီဒီယာများ၏ခန့်မှန်းချက်အရ အောက်လွှတ်တော်တွင် ရီပတ်ဘလီကန်များ ကြီးစိုးထားသော်လည်း မဆုံးဖြတ်ရသေးသည့်နေရာများလည်း ရှိနေသေးသည်။

### နောက်ဆုံးရလဒ်ကိုသိရှိရန် ကြန့်ကြာနိုင်

ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပြဿနာများကြောင့် နောက်ဆုံးရလဒ်ကို သိရှိရန် အချိန်ကြန့်ကြာနိုင်ကြောင်း သည်ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည်။ လူအများအပြားမှာပယ်မဲများ သို့မဟုတ် မေးလ်ဖြင့် မဲပေးမှုများပြုလုပ်ခဲ့သည်ဟု ဖော်ပြထားသည်။

အနိုင်ရရှိသူများအားလုံးကို ဆုံးဖြတ်ကြေညာရခြင်းမပြုမီ အချိန်တစ်ပတ်ကျော် ကြာမြင့်ကောင်း ကြာမြင့်နိုင်သည်ဟုလည်း သည်ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည်။ ၂၀၂၀ ပြည့်နှစ် အမေရိကန် ရွေးကောက်ပွဲတွင်လည်း ပြည်နယ်တိုင်းမှ ရလဒ်ကိုသိရှိနိုင်ရန် အချိန်နှစ်ပတ်ယူရသည့် အခြေအနေကို အခြားသောမီဒီယာများတွင် ထောက်ပြဖော်ပြကြသည်။ **အင်န်အိတ်ချ်ကေ**

## ပိုမိုပြင်းထန်သည့် ကိုဗစ်-၁၉ မျိုးကွဲ မပေါ်ပေါက်သရွေ့ ဂျပန်နိုင်ငံ၌ ကန့်သတ်ချက်များထားရှိမည်မဟုတ်

**တိုကျို နိုဝင်ဘာ ၉**

အိုမီခရွန်မျိုးကွဲထက်ပို၍ ပြင်းထန်သည့် ကိုဗစ်-၁၉ မျိုးကွဲ မပေါ်လာသေးသရွေ့ အများပြည်သူများ သွားလာလှုပ်ရှားမှုနှင့်ပတ်သက်၍ ကန့်သတ်ချက်များ ထားရှိတော့မည်မဟုတ်ဟု ဂျပန်နိုင်ငံအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဂျပန်နိုင်ငံအစိုးရအဖွဲ့ အတွင်းရေးမှူး မတ်ဆူနို ဟီရိုကာဇူက နိုဝင်ဘာ ၉ ရက် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုများမှာ မြင့်မားလျက်ရှိပြီး ဟော့ကိုင်းဒိုးတွင် နေ့စဉ်ကူးစက်မှုမှာ စံချိန်တင်များပြားလျက်ရှိသည်။ အဆိုပါဒေသတွင် ဆေးရုံတက်ကုသရသူများလည်း များပြားလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုများကို စောင့်ကြည့်သွားမည်ဟုလည်း ၎င်းကပြောသည်။ အိုမီခရွန်ကူးစက်မှုများကြောင့် ကူးစက်ခံရသူ အရေအတွက် များပြားလာမှုအတွက် နောက်ထပ်ကန့်သတ်ချက်များပြုလုပ်သွားရန် အစိုးရအနေဖြင့် အစီအစဉ်မရှိဟုလည်း ၎င်းက ဆက်ပြောသည်။

အစိုးရ၏ ရပ်တည်ချက်မှာ နောက်ထပ်ကူးစက်မှုများကို တိုက်ဖျက်သွားရန်နှင့် လူမှုစီးပွားရေးလုပ်ငန်းများကို ထိန်းကျောင်းသွားရန်ပင်ဖြစ်သည်ဟု ၎င်းကပြောသည်။ အကယ်၍ ကူးစက်မှုအလွန်များပြားလာပြီး တိုင်းပြည်၏ ကျန်းမာရေးစနစ်ကို ထိခိုက်လာပါက ကျွမ်းကျင်သည့်ပညာရှင်များနှင့်တိုင်ပင်ကာ သီးသန့်အစီအမံများ ပြုလုပ်သွားမည်ဟု မတ်ဆူနိုကပြောသည်။

**အင်န်အိတ်ချ်ကေ**

## နီပေါနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွားပြီး ခြောက်ဦးသေဆုံး၊ ငါးဦး ဒဏ်ရာရ

**ခတ္တမန္ဒူ နိုဝင်ဘာ ၉**

နီပေါနိုင်ငံ အနောက်ဘက်အစွန်းရှိ ဒိုတီခရိုင်၌ နိုဝင်ဘာ ၉ ရက် နံနက်အစောပိုင်းတွင် အားပြင်းသော မြေငလျင်တစ်ခု လှုပ်ခတ်ရာ ခြောက်ဦးသေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ငလျင်သည် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိပြီး နိုဝင်ဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၂ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ငလျင်လှုပ်ပြီးနောက် အဆောက်အအုံများစွာလည်း ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။



အားပြင်းသော ငလျင်လှုပ်ခတ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

အားပြင်းသည့် ငလျင်လှုပ်ပြီးနောက် ပြိုကျနေသော အဆောက်အအုံ အပျက်အစီးများကြားမှ သေဆုံးသူများ၏ ရုပ်အလောင်းများကို တွေ့ရှိကြောင်း ဒိုတီခရိုင်မှ အကြီးအကဲဖြစ်သူ ကဲလ်ပါနာ ရှရက်စ်တာက ဆင်ဟွာသို့ ပြောသည်။ ထို့အပြင် ထိခိုက်ဒဏ်ရာ ရရှိသူများသည် ဒေသတွင်း ဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ငလျင်ဗဟိုချက်မှာ နီပေါနိုင်ငံ အနောက်ဘက်အစွန်း ဒိုတီခရိုင်ရှိ ခက်ပ်တက်ဒ်အမျိုးသား ဥယျာဉ်ဒေသတွင်ဖြစ်ကြောင်း၊ လုံခြုံရေး ဝန်ထမ်းများသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် စုရုံးပြင်ဆင်လျက်ရှိကြောင်း သိရသည်။

နီပေါနိုင်ငံသည် မကြာခဏ ငလျင်လှုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၅ ခုနှစ်က အားအလွန်ပြင်းထန်သော ငလျင်ကြောင့် သေဆုံးသူ ၉၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၆၈ ဦးရှိ

**ဟနွိုင်း နိုဝင်ဘာ ၉**



ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာ ၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံတွေ့ရှိသူ ၄၆၈ ဦးရှိသည့်အတွက် နိုဝင်ဘာ ၈ ရက်ကထက် ၂၆ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထပ်မံ ကူးစက်ခံရသူများကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၅၀၇၁၂၄ ဦးအထိရှိလာပြီဖြစ်ကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် နိုဝင်ဘာ ၉ ရက်အထိ ရောဂါပြင်းထန်ပြီး အသက်ရှူကိရိယာတပ်ဆင်ရန် လိုအပ်သူ ၆၆ ဦးရှိသည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းကျော် ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သည်။ **ဆင်ဟွာ**

## ထန်ကျိူ့ - ၅ ကုန်တင်အာကာသယာဉ်ကို လွှတ်တင်ရန် တရုတ်ပြင်ဆင်နေ

**ဝင်ချန်း နိုဝင်ဘာ ၉**

ထန်ကျိူ့ - ၅ ကုန်တင်အာကာသယာဉ်နှင့် သယ်ဆောင်ရေးဒုံးပျံ လောင်းမတ်ချ်-၇ (ဝိုင်-၆) တို့ကို ဂြိုဟ်တုလွှတ်တင်ရေးဧရိယာသို့ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီက နိုဝင်ဘာ ၉ ရက်တွင် ပြောသည်။

ကုန်တင်အာကာသယာဉ်ကို မကြာမီအချိန်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ဝင်ချန်းဂြိုဟ်တုလွှတ်တင်ရေးစင်တာနေရာမှ အဆောက်အအုံနှင့် စက်ကိရိယာများ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိသည်ဟု ဆိုသည်။

### သတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်သွားမည်

ထို့အပြင် အကြိုစမ်းသပ်စစ်ဆေးမှုအမျိုးမျိုးနှင့် ပူးတွဲစမ်းသပ်မှုများကို ကြိုတင်သတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီက ပြောသည်။

**ဆင်ဟွာ**



# စွမ်းအင်အကျပ်အတည်းဂယက်ကြောင့် လေထုညစ်ညမ်းမှုအခြေအနေ စိုးရိမ်နေရသည့် ပိုလန်

**နွယ်နီလင်း**

ပိုလန်စွမ်းအင်ကျွမ်းကျင်သူ ဂျိုအန်နာ မက်စ်ကိုဝစ်ခ် ပန်ဒရာသည် မကြာသေးမီက သူ၏ မီးဖိုချောင်မှ ဂက်စ်မီးဖိုကို ကွိုင်မီးဖိုများဖြင့် အစားထိုးလိုက်သည်။ ၎င်းသည် ပိုလန်တွင် ရှည်လျားစိုစွတ်သော ဆောင်းရာသီအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သူ့အိမ်အတွက် ဆိုလာပြားများ တပ်ဆင်လိုက်ပြီး အပူပေးစက်ကိုလည်း မှာယူခဲ့သည်။



ပိုလန်နိုင်ငံ ဝါဆောမြို့ဟောင်းပေါ်၌ မီးခိုးမြူများ ဖုံးလွှမ်းမှုကို တွေ့ရစဉ်။

### ကိုယ်ပိုင်စွမ်းအင်ထုတ်ယူမှု နည်းလမ်းများ အလှမ်းဝေးနေသေး

လက်ရှိ ရင်ဆိုင်နေရသည့် စွမ်းအင်ဆိုင်ရာ အကျပ်အတည်းများ၏ တွန်းအားပေးမှုကြောင့် ပိုလန်အိမ်ထောင်စုများစွာ အသုံးပြုနေသည့် ကိုယ်ပိုင်စွမ်းအင်ထုတ်ယူမှု နည်းလမ်းများသည် ဂေဟစနစ်နှင့် ကိုက်ညီသည့်ပုံစံများဖြစ်ရန် အလှမ်းဝေးနေသေးသည်။ တရားဝင်ခန့်မှန်းချက်များအရ ပုံမှန်အခြေအနေများ၌ပင် ပိုလန်အိမ်များ၏ ၃၇ ရာခိုင်နှုန်းသည် အပူပေးရန်အတွက် ကျောက်မီးသွေးကို အသုံးပြုသည်ဟု သိရသည်။

ပိုလန်သည် ဥရောပသမဂ္ဂ (EU) တွင် ကျောက်မီးသွေး အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း ပြည်ပမှတင်သွင်းသည့် ကျောက်မီးသွေးများအပါအဝင် အမှန်တကယ် လိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းခန့် ဖြည့်ဆည်းပေးနိုင်ရန်ပင် လိုအပ်နေသေးသည်။ ၂၀၂၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံသည် ပိုလန်ကျောက်မီးသွေး တင်သွင်းမှု၏ ၇၅ ရာခိုင်နှုန်းကို ကိုယ်စားပြုခဲ့ပြီး စုစုပေါင်း တန်ချိန် ၁၂ ဒသမ ၉ သန်း ရှိကြောင်း ပိုလန်နိုင်ငံ စာရင်းအင်းဌာန၏ အချက်အလက်များအရ သိရသည်။

သို့သော်လည်း ပိုလန်သည် ယခုနှစ် ဧပြီလတွင် ရုရှားကျောက်မီးသွေးအား ပိတ်ဆို့အရေးယူမှုချမှတ်လိုက်ပြီးနောက် ဩဂုတ်လတွင် စတင်အသက်ဝင်ခဲ့သော ဥရောပသမဂ္ဂ၏ တားမြစ်ပိတ်ဆို့မှု မပြုမီကတည်းကပင် အဆိုပါလမ်းကြောင်း မဖွင့်တော့ဘဲ ပိုလန်အိမ်ထောင်စုများစွာကို ဆောင်းရာသီ အနွေးဓာတ်ပေးရန်အတွက် မရေရာသော အခြေအနေသို့ ရောက်ရှိအောင် တွန်းအားပေးခံခဲ့ရသည်။ “အခုဆိုရင် ကျွန်မတို့အိမ်တွေမှာ အပူပေးဖို့တောင် အခက်အခဲတွေ ရင်ဆိုင်နေရပြီ” ဟု စွမ်းအင်နယ်ပယ်တွင် လှုပ်ရှားနေသော ပိုလန်အတွေးအခေါ် ပညာရှင်နှင့် ဖိုရမ်အင်နာဂျီ၏ ဥက္ကဋ္ဌလည်းဖြစ်သူ မက်စ် ကိုဝစ်ခ် ပန်ဒရာက ဆိုသည်။

### တစ်ဟုန်ထိုး မြင့်တက်သွားစေခဲ့

ဆောင်းရာသီမတိုင်မီ အပူပေးရန်အတွက် အိမ်ထောင်စုများစွာတွင် ကျောက်မီးသွေးမရှိသေးသည့်အတွက် စိုးရိမ်ပူပန်မှုများရှိနေကြကြောင်း ပိုလန်နိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ အတွင်းဝန်ဟောင်းဖြစ်သူက ပြောကြားပြီး ကျောက်မီးသွေးများ တင်သွင်းမှုနှင့် ကျောက်မီးသွေး အသုံးပြုမှုကို အစားထိုးထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်နေရခြင်းသည် ကြီးမားသော စိန်ခေါ်မှုပင်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ကျောက်မီးသွေးမလုံလောက်မှု၊ ဈေးကွက်အတွင်း သိုလှောင်မှုများပြားခြင်းနှင့် ငွေကြေးဖောင်းပွမှု၏ သက်ရောက်မှုတို့ကြောင့် ကျောက်မီးသွေးဈေးနှုန်းများမှာလည်း တစ်ဟုန်ထိုး မြင့်တက်သွားစေခဲ့သည်။

“လောင်စာဆီဈေးနှုန်းကလည်း အဆပေါင်းများစွာ တက်နေတာဆိုတော့ ထပ်တိုးပြီး သုံးနိုင်ဖို့ဆိုတာ လူတိုင်းမတတ်နိုင်ဘူး” ဟု ပန်ဒရာက ဆက်လက်ပြောဆိုသည်။

ကာလကြာမြင့်သည့် စွမ်းအင်အကျပ်အတည်းသည် အိမ်ထောင်စုများနှင့် စီးပွားရေးကို ကြီးမားသော ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများလည်းရှိသည်။

လေထုအရည်အသွေးကို စောင့်ကြည့်သည့် ပိုလန်နာမည်ကြီး အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် ပိုလန်မီးခိုးမြူဆိုင်ရာ သတိပေးရေးအဖွဲ့ကဲ့သို့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများက ပိုလန်မိသားစုများစွာသည် ၎င်းတို့၏ မီးဖိုများတွင် အမှိုက်များကိုပင် မီးရှို့၍အနွေးဓာတ်ရရှိရေး လုပ်ဆောင်ကြမည်ကိုပင် စိုးရိမ်နေကြသည်။

### ပြည်တွင်း၌ အသုံးပြုသည့် လောင်စာဆီမီးဖိုများ ထွက်ပေါ်လာ

ပိုလန်၏ လေထုအရည်အသွေးသည် ဥရောပတိုက်တွင် အဆိုးဆုံးဖြစ်ပြီး ကမ္ဘာ့ဘဏ်၏ ကိန်းဂဏန်း အချက်အလက်များအရ ဥရောပရှိ လေထုညစ်ညမ်းမှုအများဆုံးမြို့ကြီး ၅၀ တွင် ၃၆ မြို့သည် ပိုလန်နိုင်ငံမှ ဖြစ်သည်။ ထို့အပြင် ဥရောပ ပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီ၏ အစီရင်ခံစာအရ ပိုလန်တွင် တစ်နှစ်လျှင် မီးခိုးမြူညစ်ညမ်းမှုနှင့် ပတ်သက်သည့် အရွယ်မတိုင်မီ သေဆုံးသူ အရေအတွက် ၄၇၀၀၀ ခန့်ရှိသည်။ ပိုလန်မီးခိုးမြူဆိုင်ရာ သတိပေးရေးအဖွဲ့၏ အချက်အလက်များအရ ပိုလန်တွင် လေထုညစ်ညမ်းမှု၏ ၅၀ ရာခိုင်နှုန်းကျော်သည် ပြည်တွင်း၌ အသုံးပြုသည့် လောင်စာဆီမီးဖိုများမှ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုသည်။

လာမည့် ဆောင်းရာသီတွင် ရာသီဥတုအခြေအနေမကောင်းလျှင် ယခင်နှစ်များထက် လေထုညစ်ညမ်းမှု ပိုရှိလာနိုင်ပြီး ပိုလန်၏ ရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားမှုမှာ နံပါတ်တစ် ပြဿနာဖြစ်ကြောင်း၊ ပိုလန်သည် ကျောက်မီးသွေးကို နှစ်ပေါင်း ၁၅၀ ထုတ်လုပ်နေခဲ့ကြောင်း သိရသည်။ သို့သော် ကျောက်မီးသွေးအသုံးပြုမှုသည် လောင်စာအတွက် အဆုံးမဲ့ဖြေရှင်းရမည့် နည်းလမ်းမဟုတ်ဟု ပန်ဒရာက ဆိုသည်။

### အဆုတ်ရောဂါများ ဖြစ်ပွားလျက်ရှိ

ဆောင်းဦးနှောင်းပိုင်းနှင့် ဆောင်းရာသီအစတွင် ပိုလန်မြို့ကြီးအများစုသည် ပလတ်စတစ်မီးရှို့ခြင်းကဲ့သို့ အနံ့ဆိုးများဖြင့် ဖုံးလွှမ်းထားလေ့ရှိပြီး ဝါဆောမြို့တွင် နေထိုင်သူများသည် လေထုအရည်အသွေးညံ့ဖျင်းမှုကို အချိန်အတော်များများ ခံစားကြရသဖြင့် စီးကရက်သောက်သကဲ့သို့ပင် ၎င်းတို့ကို အဆုတ်ရောဂါများ ဖြစ်ပွားစေလျက်ရှိသည်။ အထူးသဖြင့် ကလေးများသည် အရွယ်ရောက်ပြီးသူများထက် အသက်ရှူပိုမြန်ပြီး ၎င်းတို့၏ အဆုတ်များ အပြည့်အဝ မဖွံ့ဖြိုးသေးသဖြင့် ပို၍အန္တရာယ်ရှိသည်။

ထို့ကြောင့် နိုင်ငံ၏ လေထုညစ်ညမ်းမှုအဆိုးဆုံးနေရာအချို့ကို ပြန်လည်မွမ်းမံရန်အတွက် လာမည့် ၁၀ နှစ်အတွင်း အစိုးရက ယူရို ၂၅ ဘီလီယံကို အသုံးပြုလုပ်ဆောင်ရန် အစီအစဉ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလက စတင်လုပ်ဆောင်လျက်ရှိသည်။ ယင်းအစီအစဉ်ဖြင့် အိမ်ထောင်စု လေးသန်းနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများကို ပြန်လည်မွမ်းမံရန် လျာထားပြီး ပိုမိုကောင်းမွန်သော အပူပေးကိရိယာများ တပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပိုလန်နိုင်ငံတစ်ဝန်း လေထုညစ်ညမ်းမှုအများစုမှာ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားပေးရန်အတွက် ကျောက်မီးသွေးကို မှီခိုနေရခြင်းကြောင့်ဖြစ်သည်။ ပိုလန်သည် ဥရောပတွင် ဂျာမနီပြီးလျှင် ဒုတိယအကြီးဆုံး ကျောက်မီးသွေးတူးဖော်သည့်နိုင်ငံဖြစ်ပြီး ကျောက်မီးသွေးလုပ်ငန်းသည် ပိုလန်ပြည်တွင်းစီးပွားရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေသေးသည်။ ၂၀၁၂ ခုနှစ်တွင် ကျောက်မီးသွေး မက်ထရစ်တန် ၁၄၄ သန်း တူးဖော်ထုတ်လုပ်ခဲ့ပြီး ပြည်တွင်းစွမ်းအင် ၅၅ ရာခိုင်နှုန်းနှင့် သုံးစွဲမှု ၇၅ ရာခိုင်နှုန်းကို ဓာတ်အားထုတ်လုပ်ရန် အသုံးပြုခဲ့သည်။ လာမည့် ၂၀၂၃ ခုနှစ်အထိ ပိုလန်သည် ဥရောပတစ်ဝန်းရှိ ကျောက်မီးသွေးအသုံးပြုမှု၏ ၅၀ ရာခိုင်နှုန်းအတွက် တာဝန်ယူရလိမ့်မည်ဟု အပြည်ပြည်ဆိုင်ရာ လေထုအရည်အသွေး တိုင်းတာရေးအဖွဲ့က ခန့်မှန်းထားသည်။

Feature: Energy crisis in Poland stirs air pollution concerns

**ဆောင်းဦးနှောင်းပိုင်းနှင့် ဆောင်းရာသီအစတွင် ပိုလန်မြို့ကြီးအများစုသည် ပလတ်စတစ်မီးရှို့ခြင်းကဲ့သို့ အနံ့ဆိုးများဖြင့် ဖုံးလွှမ်းထားလေ့ရှိပြီး ဝါဆောမြို့တွင် နေထိုင်သူများသည် လေထုအရည်အသွေးညံ့ဖျင်းမှုကို အချိန်အတော်များများ ခံစားကြရသဖြင့် စီးကရက်သောက်သကဲ့သို့ပင် ၎င်းတို့ကို အဆုတ်ရောဂါများ ဖြစ်ပွားစေလျက်ရှိသည်။ အထူးသဖြင့် ကလေးများသည် အရွယ်ရောက်ပြီးသူများထက် အသက်ရှူပိုမြန်ပြီး ၎င်းတို့၏အဆုတ်များ အပြည့်အဝမဖွံ့ဖြိုးသေးသဖြင့် ပို၍အန္တရာယ်ရှိ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

**(၉–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ/ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၈–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၉၄,၇၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၄၆၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၇၂၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈–၁၁–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၂၇,၆၄၄) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၇၀၇,၂၅၀) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၈–၁၁–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၂၇,၆၄၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၀၇,၂၅၀ |

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၈) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်းတွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၂၈၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၇၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၃၈၁၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင်



မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသားကျောင်းသူ ၃၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ရခိုင်ပြည်နယ် အမ်းမြို့တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်တွေကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။
- သွေးကြောထုံးတာကို သက်သာစေခြင်း။
- အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။
- အသက်ကြီးရင် ဖြစ်တတ်သော မှတ်ဉာဏ်ယုတ်လျော့ခြင်းမဖြစ်အောင် ကာကွယ်ပေးခြင်း။

## မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသား သင်တန်းသူများ နေပြည်တော် MRTV တွင် ကြည့်ရှုလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) မှ သင်တန်းသား သင်တန်းသူ ၄၈ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများနှင့် ပင်မအဆောက်အအုံအတွင်းရှိ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) ကို ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား သင်တန်းသူ ၄၈ ဦးဖြင့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ရက်သတ္တပတ်သုံးပတ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမတွင် ဖွင့်လှစ်လျက်ရှိရာ အဆိုပါသင်တန်းမှ သင်တန်းသား သင်တန်းသူများသည် ယနေ့တွင် MRTV ၌ လေ့လာရေးပြုလုပ်ပြီး မနက်ဖြန် နိုဝင်ဘာ၁၀ရက်တွင် ဥပ္ပါတသန္တိစေတီတော် အနီးတစ်ဝိုက်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပို့ချသည့်ဓာတ်ပုံ Outdoor Shooting လေ့ကျင့်ပြသမှုကို ဆက်လက်လေ့လာကြမည် ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 ဒုတိယအဆင့် (Level – 2) ပွဲစဉ်(၁၁)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live)ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၉**

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော်ဂီတပွဲတော်” Season–2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှ စတင်ပြီးပွဲစဉ် ၁၈ ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့ကလည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိကြသည် ။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level – 2) သို့ ၁၀ ဦး တက်ရောက်လာကြရာ နိုဝင်ဘာ ၁၁ ရက် (သောကြာနေ့) ညတွင် ပွဲစဉ်(၁၁)အဖြစ် မဲပေါက်သည့် ပြဋ္ဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိကာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ကချင်ပြည်နယ်မှ မေဇီ (MFO1) ၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ (MFO2)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MFO3)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား (MFO4) ၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MFO5)၊ ကရင်ပြည်နယ်မှ ချိုသဲဦး(MFO6)၊ ကချင်ပြည်နယ်မှ လလဆွတ် (MFO7)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MFO8)၊ နေပြည်တော်မှ ပူတူး (MFO9)နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား အကန့်အသတ်မရှိ SMS ပေးပို့နိုင်မည် ဖြစ်ကြောင်းနှင့် ယင်းတို့၏ သီဆိုယှဉ်ပြိုင်ကြပုံများကို လာမည့်သောကြာနေ့ည ၈ နာရီ သတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာများ ရရှိစေရန် ရည်ရွယ်၍ အောက်ဖော်ပြပါစာအုပ်များကို ပြုစုထုတ်ဝေထားပြီးဖြစ်ရာ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးနှင့်ရွေးကောက်ပွဲအကြောင်း စိတ်ပါဝင်စားသူများအနေဖြင့် ဖတ်ရှုလေ့လာနိုင်ရေး စုဆောင်းထားရှိသင့်သည့် စာအုပ်ကောင်းများ ဖြစ်ပါသည် -

**၁။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း အတွဲ (၁)**

**၂။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း အတွဲ (၂)**

**၃။ မြန်မာနိုင်ငံရေးပါတီများ (၂၀၂၂)**

**၄။ မြန်မာနိုင်ငံတွင်ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်**

ဝယ်ယူလိုသူများအနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစာပေဗိမာန်အရောင်းဆိုင်များ၊ ရုံးအမှတ် (၂၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက ဖုန်း => ၀၆၇-၃၄၀၄၃၁၃ ၊ ၀၆၇-၃၄၀၄၂၄၀**

စာအုပ်များ ဝယ်ယူနိုင်ပါပြီ




စာအုပ်စာပေ လူ့မိတ်ဆွေ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်နေ နိုင်ကိုဦးသည် ၎င်းအသုံးပြုသည့် “Nga Naing” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း (၁) ရပ်ကွက်နေ ခင်အေးငြိမ်းသည် ၎င်းအသုံးပြုသည့် “Khin Aye Nyein” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၀၂၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၀၉ ဦး၊ ခွဲစိတ်ရောဂါ ၇၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၂ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ အရိုးရောဂါ ၁၅၈ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၂၇ ဦး၊ မျက်စိရောဂါ ၄၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦး စုစုပေါင်း ၁၀၂၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ယနေ့တွင် လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက နေ့လယ်စာနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာခရိုင် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး၊ မဲရုံများလျာထားသတ်မှတ်ရေး ညှိနှိုင်းစည်းဝေး

**မိတ္ထီလာ နိုဝင်ဘာ ၉**

မိတ္ထီလာခရိုင်တွင် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး၊ မဲရုံများလျာထားသတ်မှတ်ရေးနှင့် မဲရုံသုံးပစ္စည်း လိုအပ်မှုများအတွက် ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မိုးမြင့်က မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ပြုစုထားရှိသည့် အခြေခံလူဦးရေစာရင်းဇယားများ မှန်ကန်ရေး၊ မဲရုံလျာထားမှုအခြေအနေများ အဆင်ပြေစေရေး၊ မဲရုံသုံးပစ္စည်းလိုအပ်မှုများ၊ ရွေးကောက်ပွဲအောင်မြင်ရေးတို့အတွက် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ဦးဘရန်ရှောင်နှင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မင်းအေးတို့က တိုင်းဒေသကြီးအတွင်း မဲဆန္ဒနယ်မြေ၊ မဲဆန္ဒရှင်စာရင်းများနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ဆောင်ရွက်ထားမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးသည်။ ထို့နောက် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ မဲဆန္ဒရှင်စာရင်းများနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။

မိတ္ထီလာခရိုင်တွင် ခန့်မှန်းမဲဆန္ဒရှင်စာရင်း ၇၁၁၉၉၃ ဦးရှိပြီး လျာထားမဲရုံအရေအတွက် ၉၇၆ ရုံရှိရာ မိတ္ထီလာမြို့နယ်၌ ခန့်မှန်းမဲဆန္ဒရှင်စာရင်း ၂၅၂၅၀၈ ဦး၊ လျာထားမဲရုံအရေအတွက် ၂၉၆ရုံ၊ မလှိုင်မြို့နယ်၌ ခန့်မှန်းမဲဆန္ဒရှင်စာရင်း ၁၂၈၇၇၉ ဦး၊ လျာထား မဲရုံအရေအတွက် ၂၀၅ ရုံရှိသည်။ ထို့ပြင် သာစည်မြို့နယ်၌ ခန့်မှန်း မဲဆန္ဒရှင်စာရင်း ၁၆၀၂၂၃ ဦး၊ လျာထားမဲရုံအရေအတွက် ၂၅၁ ရုံနှင့် ဝမ်းတွင်းမြို့နယ်၌ ခန့်မှန်းမဲဆန္ဒရှင်စာရင်း ၁၇၀၄၈၃ ဦး၊ လျာထား မဲရုံအရေအတွက် ၂၂၄ ရုံ ရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# သိမ်ဆိပ်ဘုန်းတော်ကြီးကျောင်း မီးလောင်ဆုံးရှုံးမှုအတွက် ထောက်ပံ့အလှူငွေများ ပေးအပ်လှူဒါန်း

**သထုံ နိုဝင်ဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ သိမ်ဆိပ်ဘုန်းကျောင်းကြီးသည် နိုဝင်ဘာ ၇ ရက် ည ၁၂ နာရီခန့်က မီးလောင်ဆုံးရှုံးခဲ့ရမှုကြောင့် သထုံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။



အဆိုပါ ဘုန်းတော်ကြီးကျောင်းဆောင်သည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီး တန်ဆောင်မုန်း လပြည့်နေ့ ညနက်ပိုင်းတွင် ဝိုင်ယာရှော့ဖြစ်၍ မီးလောင်ခဲ့ရာ ကျောင်းဆောင်နှင့် မော်တော်ယာဉ်နှစ်စီး ပျက်စီးဆုံးရှုံးခဲ့သည်။ ပြင်ပအဆောက်အအုံများကို ကူးစက်လောင်ကျွမ်းခြင်း မရှိအောင် မီးကို ထိန်းနိုင်ခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။

သိမ်ဆိပ်ကျောင်းကြီး ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ကျောင်းထိုင်ဆရာတော် ဦးဇဝန ထံသို့ ထောက်ပံ့လှူဒါန်းငွေ စုစုပေါင်းဝတ္ထု၊ ပစ္စည်းအပါအဝင် ငွေကျပ် ၁၅၃ သိန်းကျော်ကို ပေးအပ်လှူဒါန်းသည်။

မီးလောင်ပျက်စီးသွားသောကျောင်းဆောင်သည် ၁၂၄၈ ခုနှစ်က ကျွန်းတိုင်များဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ ပေ ၈၀ ပတ်လည် နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

ခွန်(ဝင်းပ)

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၉**

တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန် ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ချင်းပြည်နယ် မတူပီမြို့၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများ စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# နတ်မောက်မြို့၌ နေ့စဉ်အမှိုက်၉ ဒသမ ၅ တန် သိမ်းဆည်းလျက်ရှိ

**နတ်မောက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် နေ့စဉ်အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ တစ်နေ့ လျှင် အမှိုက်တန်ချိန် ၉ ဒသမ ၅ တန် သိမ်းဆည်းလျက်ရှိသည်။

နတ်မောက် မြို့ပေါ်တွင် ရပ်ကွက် ခုနစ်ရပ်ကွက်ရှိရာ ရပ်ကွက်အတွင်းရှိ နေအိမ်များမှ စနစ်တကျစွန့်ပစ်ထားသည့် အမှိုက်များ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများမှ အမှိုက်များ၊ လမ်းဘေးဝဲယာတစ်လျှောက်မှ အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များဖြင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း၊ ရပ်ကွက်များသို့ အလှည့်ကျ နေ့စဉ်နံနက်ပိုင်းတစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်ခန့် မြို့သန့်ရှင်းသာယာရေးအတွက် အမှိုက်များ သိမ်းဆည်းလျက်ရှိကြောင်း**(အောက်ပုံ)** မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



# စာပေဆိုတာက ကမ္ဘာအဆုံးထိမြင်နိုင်တဲ့ အဝေးကြည့်မှန်ပြောင်း နှလုံးသားခွန်အားတွေပေးနိုင်တဲ့ အကောင်းဆုံးအားဆေးပါ

ကိုထွန်း (ကျယ်ဂေါင်)

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၁ ခုနှစ် အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာရေးဆရာများနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောအမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်ဖော်ပြလိုက်ပါသည်။**

**တွေ့ဆုံမေးမြန် - အာကာလင်း**

**ဓာတ်ပုံ - တင်စိုး**

**စာမူအမည် - ဂျစ်ကန်ကန်ဝတ္ထုတို**

**ဘာသာရပ် - ဝတ္ထုတို**

**စာရေးသူ - ဆရာမင်းခိုက်စိုးစန်**



"ဝတ္ထုရေးတယ် ဆိုတာမျိုးက ဆယ်တန်းစာမေးပွဲ ဖြေသလိုမျိုး ပြင်ဆင်ရတာတွေ၊ ကြိုးစားရတာတွေ လုပ်ရတဲ့ကိစ္စမျိုး မဟုတ်ဘူးထင်ပါတယ်။ ကိုဗစ်ကာလမှာ အိမ်တွင်းအောင်းနေရတုန်း ဆရာဝန်ဘဝ အတွေ့အကြုံတွေ၊ ကိုယ့်မိတ်ဆွေ ဆရာဝန်တွေရဲ့ အတွေ့အကြုံတွေ၊ ကိုယ်မနှစ်သက်တဲ့ မိသားစုပုံစံ၊ ကိုယ်မနှစ်သက်တဲ့ ကျောင်းဆရာ ဆရာမ ပုံစံ၊ ကိုယ်မကြိုက်တဲ့ လူ့အဖွဲ့အစည်းအကြောင်းတွေ ရေးလိုက်တာပါပဲ။ အဲဒါကို ဖေ့စ်ဘုတ်ပေါ် တင်လိုက်တယ်။ ထုတ်ဝေသူက သူထုတ်ချင်တယ်ပြောလို့ သဘောတူလိုက်တယ်။ ဒါနဲ့ စာအုပ်ဖြစ်လာတယ်။

စာကို စပြီးရေးဖြစ်ရတဲ့ အကြောင်းရင်းကတော့ ရှေ့ကစာရေးဆရာကြီးတွေရဲ့ စာကိုဖတ်ပြီး ကိုယ်တိုင် ရေးကြည့်ချင်စိတ်နဲ့ ရေးလိုက်တာ ဖြစ်ပါတယ်။ ၁၉၈၉ ဖေဖော်ဝါရီမှာ နေရောင်ခြည်သည် ရောဂါပိုးကို သေစေ၏ဆိုတဲ့ ခေါင်းစဉ်နဲ့ မဟေသီမဂ္ဂဇင်းမှာ တစ်မျက်နှာဝတ္ထုတိုလေး ပါလာတယ်။ အဲဒါ စာပေ ခရီးအစပါပဲ။ ရေးတာကတော့ အမျိုးအစား စုံပါတယ်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်း၊ ကဗျာ၊ ဆောင်းပါး၊ ဘာသာပြန်၊ ဝတ္ထုအတွေးအမြင်၊ အက်ဆေးစသည်ဖြင့် ရေးဖြစ်ပါတယ်။ ကျွန်တော်လူငယ်စာရေးဆရာဘဝတုန်းကလည်း လူကြီးတွေဝေဖန်တာကို သိပ်မကြိုက်ဘူး။ အခု ကိုယ်က လူကြီးဖြစ်လာတော့လည်း လူငယ်တွေကို ဘာမှမဝေဖန်ချင်၊ အကြံမပေးချင်ပါဘူး။ သူတို့လည်း ကြိုက်မယ်မထင်ဘူး။ ကိုယ်ချင်းစာရမှာပေါ့" ဟု ပြောသည်။

ဒေါက်တာကျော်စိုး (မင်းခိုက်စိုးစန်) ကို အဖ ဦးမြဝင်း-အမိဒေါ်အေးကြွယ်တို့က ၁၉၇၂ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ MBBS ဘွဲ့ ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ မဟေသီမဂ္ဂဇင်းတွင် "နေရောင်ခြည်သည်ရောဂါပိုးများကို သေစေ၏" ဝတ္ထုတိုဖြင့် စာပေလောကထဲသို့ စတင်ဝင်ရောက်ခဲ့သည်။ ပထမဆုံးလုံးချင်းဝတ္ထုမှာ "လွမ်းလို့ သေသွားတဲ့ သစ်ပင်" ဖြစ်သည်။ ဆက်လက်ပြီး လုံးချင်းဝတ္ထုအုပ်၂၀ခန့်ရေးခဲ့ပြီး "သုည" မှာ လူကြိုက်အများဆုံးနှင့် အအောင်မြင်ဆုံးစာအုပ်ဖြစ်ခဲ့သည်။ ဝတ္ထုတိုစုစည်းမှုများအဖြစ် "ကောင်းကင်နဲ့ မလွတ်တဲ့တောင်ပံတစ်စုံ၊ ကျွန်တော်နှင့်အလင်းမျှော်စင်၊ မင်းသားကြီး၊ ကျွန်တော့ကို အမေသတ်ခဲ့တယ်၊ သမီးပြည့်တန်ဆာ၊ ဇာတ်သိမ်းခန်းကို သင်ကိုယ်တိုင် ဖြည့်စွက်ရေးသားပါ၊ ဂျစ်ကန်ကန်ဝတ္ထုတိုများ စသည်ဖြင့် ဝတ္ထုတိုစုစည်းမှုစာအုပ်ပေါင်း ၂၁ အုပ်ခန့် ရေးသားခဲ့သည်။ ထို့ပြင် ကလေးအတွေးအက်ဆေး၊ အကယ်၍သာ ၁ နှင့် ၂၊ ဟာသအကြောင်းအက်ဆေး၊ ကတ်သီးကတ်သတ်ပုံပြင်များ၊ ပို့စ်မော်ဒန်လူငယ် စသည်ဖြင့် အတွေးအမြင်နှင့် အက်ဆေးစာအုပ်များ ရေးသားခဲ့သည်။ ဘာသာပြန်အနေဖြင့် ကမ္ဘာ့သရဲတစ္ဆေ ဝတ္ထုတိုများ အတွဲ ၁/၂နှင့် ဟယ်ရီပေါ်တာစီးရီး၊ ဂန္ထဝင်သစ်အက်ဆေး စသည်ဖြင့် ခုနစ်အုပ်ခန့် ဘာသာပြန်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာမင်းခိုက်စိုးစန်သည် စာပေရေးသားခြင်းအပြင် ရုပ်ရှင်နယ်ပယ်တွင်လည်း ဇာတ်ညွှန်းများရေးသားပြီး ဇာတ်လမ်းတွဲများကို ဒါရိုက်တာအဖြစ် ရိုက်ကူးတင်ဆက်ခဲ့သည်။

---

**စာမူအမည်နှင့် - လူ့ဘဝခဏတာ မြင့်မြတ်စွာ**
**ဘာသာရပ်များ လူဖြစ်ခိုက်မှာပေါ့**
**(လူငယ်စာပေ - ပထမဆု)**
**- အတွေ့အကြုံအဖုံဖုံ ပြည်ပ ပညာတော်သင် မှတ်တမ်းစုံ**
**(စာပဒေသာ - တတိယဆု)**

**စာရေးသူ - ဆရာနွေကုံ့ကော်(မြို့လှ)**

"ကျွန်တော့်အနေနဲ့ ဒီ ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆုမှာ လူငယ်စာပေ ပထမဆုနဲ့ စာပဒေသာ ဘာသာရပ်မှာ တတိယဆု ရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်တုန်းက ဝတ္ထုရှည်ပထမဆု၊ ၂၀၂၀ မှာ လူငယ်စာပေ တတိယဆုတွေ ရခဲ့ဖူးပါတယ်။ ဒီနှစ်တော့ လူငယ်စာပေ ပထမဆုကို ထပ်မံဆွတ်ခူးနိုင်တာနဲ့ မထင်မှတ်ဘဲ တစ်နှစ်တည်း ဆုနှစ်ဆုရခဲ့တဲ့အတွက် အင်မတန်ဝမ်းသာပါတယ်၊ လူငယ်စာပေနဲ့ပတ်သက်ပြီး အကြောင်းအရာ မထူးဆန်းပေမယ့် ကျွန်တော် ဖြတ်သန်းခဲ့တဲ့ ဘဝအမှန်ကိုပဲ အရိုးရှင်းဆုံးနဲ့ စာဖတ်သူတိုင်း စိတ်ပါဝင်စားမှုရှိအောင် ရေးသားတင်ပြခဲ့တာပါ၊ စာဖတ်သူတိုင်းဆိုတဲ့နေရာမှာ အဓိကကတော့ လူငယ်တွေပေါ့။

ဘဝလမ်းကို လျှောက်လှမ်းတဲ့နေရာမှာ လူတိုင်းဟာ သူ့ဟာနဲ့သူ မတူညီတဲ့ အခက်အခဲ အဆင်မပြေမှုမျိုးစုံနဲ့ ချီတက်နေရတာကို လူငယ်တွေသိနားလည်ပြီး အခက်အခဲကြားကနေပဲ ဘယ်လို အောင်မြင်မှုရအောင် ထိုးဖောက်မလဲဆိုတာကို ရေးသားထားတာဖြစ်ပါတယ်၊ လူငယ်တွေအတွက် ဦးတည်တာဖြစ်တဲ့အတွက် လူငယ်တွေ သိသင့်သိထိုက်တဲ့ ရိုးရာယဉ်ကျေးမှု အစဉ်အလာတွေ၊ ဓလေ့ထုံးတမ်းတွေနဲ့ ထားရှိအပ်တဲ့ ဟီရိဩတ္တပ္ပတရားတွေကို ဖတ်လို့မပျင်းရလေအောင် တတ်နိုင်သမျှ ကြိုးစားရေးသားပါတယ်၊ အကဲဖြတ်ဆုပေးခဲ့ကြတဲ့ ဆုရွေးချယ်ရေးအဖွဲ့ဝင် ပညာရှင်များကို ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

နောက်တစ်ဆုဖြစ်တဲ့ စာပဒေသာဆုကတော့ ကျွန်တော်ရုရှားနိုင်ငံမှာ ပညာသင်ခဲ့စဉ်တုန်းက ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်တွေကို မှတ်တမ်းသဖွယ်ပြုစုပြီး ရေးသားခဲ့တဲ့ စာမူပါ၊ သုံးနှစ်တာကာလအတွင်း ရုရှားနိုင်ငံသားတို့ရဲ့ လူနေမှုစနစ်တွေ၊ အမျိုးသားရေးခံယူချက်တွေကို တွေ့ရှိခဲ့ရာကနေ ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ချိန်ထိုးကြည့်ချင်လာပါတယ်၊ နောက်နောင် ရုရှားကို အကြောင်းအမျိုးမျိုးနဲ့ သွားရောက်ကြမယ့်သူတွေအတွက်လည်း တစ်ထောင့်တစ်နေရာက အထောက်အကူပြုကောင်းပြုစေရဲ့ဆိုပြီး ဒီစာမူကိုရေးသား ပြိုင်ပွဲဝင်ဖြစ်ခဲ့တာပါ။

ရုရှားနိုင်ငံဟာဆိုလည်း တစ်ချိန်တုန်းက စစ်ဘေး စစ်ဒဏ်ကို နင့်နေအောင် ခံခဲ့ရပါတယ်၊ ဒါပေမယ့် မှန်ကန်တဲ့ခေါင်းဆောင်တွေ၊ အမျိုးသားရေးခံယူချက်အားကောင်းတဲ့ ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုကြောင့် ဒီနေ့မှာဆို သူတို့ဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုဖြစ်နေပါပြီ၊ ကိုယ့်နိုင်ငံကျမှ နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရပြီး အဆိုးတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ မမှတ်ဘဲ ရောက်ရာနေရာကနေ အားလုံးညီညွတ်ကြမယ်ဆိုရင် တစ်နေ့နေ့မှာ ဒေသတွင်းကနေ ကမ္ဘာ့တန်းဝင်နိုင်ငံတစ်ခုဖြစ်လာမယ်ဆိုတဲ့ မက်ဆေ့ချ်ကို ပေးချင်တာလည်း ပါပါတယ်။"

ဆရာနွေကုံ့ကော်(မြို့လှ)သည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ ကျွန်းပင်စုကျေးရွာဇာတိ



ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် စစ်တက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံဘွဲ့ ရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ရုရှားနိုင်ငံ မော်စကိုမီးရထားတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကာ မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။ လက်ရှိ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရင်း စာပေများရေးသားလျက်ရှိသည်။

---

**စာမူအမည် - ကြိုလင့်နေပါမြသီတာ**

**ဘာသာရပ် - ဝတ္ထုရှည်ပထမ**

**စာရေးသူ - ကိုထွန်း(ကျယ်ဂေါင်)**

"တကယ်တော့ ပထမ ကျွန်တော်သန္ဓေတည်ခဲ့တာက ဝတ္ထုတိုပေါ့။ ဒါပေမယ့် ကျွန်တော်ရဲ့ဇာတ်အိမ်က ကျယ်တယ်။ ဝတ္ထုရှည်အဖြစ်နဲ့ ပြန်ပြင်ရေးပြီး လုံးချင်းစာအုပ်ထုတ်လိုက်ရင် စာဖတ်သူကို အကျိုးတစ်စုံတစ်ရာရနိုင်တယ်လို့ ယူဆပြီး လုံးချင်းဝတ္ထုရှည်အဖြစ် ဖန်တီးခဲ့တာပါ။ နောက်တော့ ကျွန်တော့်အတွေးက တစ်မျိုးဖြစ်လာတယ်။ ကျွန်တော့်ဝတ္ထုက ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပြိုင်ပွဲမှုနဲ့လည်း ကိုက်ညီတယ်လို့ ခံစားမိတာကြောင့် ပြိုင်ပွဲမှာတင်ခဲ့တာဖြစ်ပါတယ်။



ဒီစာမူဖြစ်မြောက်ဖို့ ကျွန်တော် သုံးနှစ်နီးပါး ပြင်ဆင်ခဲ့ရတယ်။ ဝတ္ထုထဲက အဓိကဇာတ်ကောင်က မြသီတာပေါ့။ သူ့ရေသူ့မြေ၊ သူ့ကျေးရွာကို ချစ်တယ်။ သူ့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ဖို့သာ အာရုံစိုက်ကြိုးပမ်းခဲ့တယ်။ လူငယ်ဆိုပေမယ့် ကိုယ်ကြီးပွားချမ်းသာရေး၊ ကိုယ့်နှလုံးသားရေးကို ဦးစားမပေးဘူး။ အဓိကကတော့ ကိုယ့်ရေကိုယ့်မြေကိုသိပ်ချစ်တဲ့ လူငယ်မိန်းကလေးတစ်ယောက်အကြောင်းပါ။

စာပေခရီးနဲ့ပတ်သက်ပြီး ပြောရရင် ငယ်စဉ်ကတည်းက စာပေကို ဝါသနာပါခဲ့တာပေါ့။ တကယ်ရေးဖြစ်တာက ၁၉၉၈ ခုနှစ်မှ စတင်ခဲ့တာ။ သတင်းဆောင်းပါးတွေရေးပြီး စတင်လှုပ်ရှားခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ ကိုထွန်း (ကျယ်ဂေါင်) ဆိုတဲ့ ကလောင်အမည်တစ်ခုတည်းကိုပဲ အတည်တကျသုံးပြီး "အဲယားကွန်းမကောင်းရင် တံခါးဖွင့်မောင်းပါ"စာမူနဲ့ စာပေနယ်ထဲကို ခြေစုံပစ်ဝင်လာခဲ့တာပါ။

အခုလိုစာပေဆုရတဲ့အတွက် ဝမ်းမြောက်ပီတိဖြစ်ရတာကတော့ ကျွန်တော့်ရဲ့ အရင်ဝတ္ထု ခေါင်းစဉ်လိုပါပဲ။ အတိုင်းအတာမသိ နှိုင်းစရာမရှိပေါ့ဗျာ။ ဆုရွေးချယ်ရေးအဖွဲ့ကို ကျေးဇူးအထူးတင်ပါကြောင်း ပြောလိုပါတယ်။ ယနေ့ခေတ်လူငယ်တွေကို ပြောချင်တာကတော့ စာဖတ်ကြပါ။ စာပေဆိုတာက ကမ္ဘာအဆုံးထိမြင်နိုင်တဲ့ အဝေးကြည့်မှန်ပြောင်း၊ နှလုံးသားခွန်အားတွေပေးနိုင်တဲ့ အကောင်းဆုံးအားဆေးပါလို့ ပြောချင်ပါတယ်။ ဒါကြောင့် စာဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။"

ကိုထွန်း (ကျယ်ဂေါင်) သည် ယခုအခါ စာပေရေးသားခြင်း၊ ထုတ်ဝေခြင်းများ ဆောင်ရွက်ရင်း မိသားစုနှင့်အတူ နေပြည်တော်တွင် နေထိုင်လျက်ရှိသည်။

# သာသနာတန်ခိုးနှင့် ဝေဆာဖြိုးသည့်မြို့ ပဲခူး

မေတ္တာမိုးနှင်း(ပဲခူး)

**ပဲခူးမြို့ဟူသည်ကား ရှေးဟောင်းမြို့တော် ဟံသာဝတီဖြစ်ပြီး ရှေးမွန်နှင့် မြန်မာတို့၏ မင်းနေပြည်တော်လည်းဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင် နန်းတော်ရာနေရာများနှင့် သမိုင်းဝင်ဗုဒ္ဓသာသနိကအဆောက်အအုံ များ၊ စေတီပုထိုးများကို ယနေ့တိုင် တွေ့ရှိနိုင်သေးသည်။**

ဟံသာဝတီခေတ်ဆိုသည်မှာ ထိုဟံသာဝတီနေပြည်တော်ကြီး စည်ပင်ဖွံ့ဖြိုးခဲ့စဉ် အချိန်ကိုဆိုလိုခြင်းဖြစ်သည်။ ဟံသာဝတီ (ပဲခူး) မင်းနေပြည်ကိုအုပ်စိုးခဲ့သည့် ထင်ရှားသော မွန်ဘုရင်များမှာ ဝါရီရူမင်းဆက်မှ ဗညားဦး (အေဒီ ၁၃၅၃-၈၅)၊ ရာဇာဓိရာဇ် (၁၃၈၅-၁၄၂၃)၊ ဘုရင်မကြီး ရှင်စောပု (၁၄၅၃-၇၂)၊ ဓမ္မစေတီ (၁၄၇၂-၉၂) တို့ဖြစ်ကြပြီး မြန်မာမင်းများထဲမှ တပင်ရွှေထီး၊ ဘုရင့်နောင်အစရှိသည့် မင်းများဖြစ်ကြသည်။ ဟံသာဝတီမြို့တော်တည်ရှိရာအရပ်သည် မိုးများသောဒေသဖြစ်ခြင်း၊ ပြင်းထန်သော ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံရခြင်းတို့ကြောင့် အဖိုးတန်သော ရှေးဟောင်းလက်ရာများမှာ ပျက်စီးခဲ့ရသည်။ သို့သော်လည်း ကျန်ရှိသော သမိုင်းမှတ်တမ်းများမှတစ်ဆင့် ပြန်လည်ပြုပြင်ထိန်းသိမ်းထားသော သမိုင်းအထောက်အထားများအရ ဟံသာဝတီမြို့တော်နှင့် ဟံသာဝတီခေတ်အကြောင်းကို ပြန်လည်လေ့လာသိရှိနိုင်ပါသည်။

### သာသနာနှင့်စတည်ခဲ့သည့် ရှေးဟောင်းသမိုင်းမှတ်တမ်း

ဟံသာဝတီမြို့တော်၏ရှေးဟောင်းသမိုင်းသည် မြန်မာနိုင်ငံမှ အခြားသောစေတီ၊ ပုထိုး၊ မြို့ရွာများတွင် တွေ့ရသော ဘုရားဗျာဒိတ်တော်အတိုင်း ပေါ်ထွန်းလာရခြင်းဟူသော ဒဏ္ဍာရီကိုတွေ့ရှိရသည်။ အဆိုပါဒဏ္ဍာရီမှတ်တမ်းများအရ ဖော်ပြထားသည်မှာ သုဝဏ္ဏဘူမိမှ လှည့်လည်ကြွချီလာသော ဗုဒ္ဓဘုရားရှင်သည် ဟံသာဝတီမြို့တော်ကြီး ပေါ်ထွန်းမည့်နေရာဒေသသို့ ရောက်ရှိစဉ်ပင်လယ်ပြင်မှ ပေါ်ထွန်းနေသော အငူပေါ်၌ ဟင်္သာဖိုမတို့ကို တွေ့မြင်တော်မူခဲ့သည်။ ထိုကုန်းအငူလေးမှာ ကျဉ်းမြောင်းလှ၍ ဟင်္သာဖိုမယှဉ်တွဲ နားနေစရာနေရာ မလုံလောက်ပေ။ ထို့ကြောင့် ဟင်္သာဖို၏ ကျောကုန်းပေါ်တွင် ဟင်္သာမမှနား၍ ဗုဒ္ဓဘုရားရှင်အား တောင်ပံယှက်လျက် ပူဇော်ခဲ့သည်။ ထိုအခါ မြတ်စွာဘုရားရှင်မှ ပြုံးတော်မူ၍ ဤနေရာတွင် နောင်အခါ ဟံသာဝတီပြည်ကြီးဟူ၍ တိုးတက်စည်ပင်လာပြီး သာသနာတော်လည်း ဖွံ့ဖြိုးထွန်းကားလာမည်ဖြစ်သည်ဟု ဗျာဒိတ်တော်ပေးခဲ့လေသည်။ ထိုဟင်္သာဖိုပေါ် ဟင်္သာမနားနေပုံ ပန်းပုရုပ်တုကို ယခုအခါ ပဲခူးမြို့အတွင်းတွင် အထိမ်းအမှတ်ရုပ်တုအဖြစ် ပြုလုပ်ထားပြီး ထိုနိမိတ်ပုံသည် ယခုပဲခူးတိုင်း၏ သင်္ကေတ အမှတ်တံဆိပ်လည်းဖြစ်သည်။ ဟင်္သာဖိုနှင့် ဟင်္သာမရုပ်တုသည် ပါးစပ်ရာဇဝင်အဖြစ် အမျိုးမျိုး ပြောဆိုပညတ်ပြုကြသော်လည်း ရှေးဟောင်းမှတ်တမ်းများအရ ပဲခူးသူပဲခူးသားများ၏ သာသနာအပေါ် ယုံကြည်သက်ဝင်မှု၊ သစ္စာတရားကြီးမားပုံ၊ အေးအတူ ပူအမျှ ဝေမျှတတ်ပုံတို့ကို မြတ်ဘုရားရှင်ထံ တိုင်တည်သက်သေပြခဲ့သည်ဆိုလျှင် ငြင်းဖွယ်ရာမရှိပေ။

### သာသနာတွင် ယုံကြည်သက်ဝင်သော သာသနာပြုမင်းများ

ဟံသာဝတီခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာသည် အဓိကအားဖြင့် စည်ပင်ထွန်းကားခဲ့သည်။ မွန်နိုင်ငံ၏ မြို့တော်ဖြစ်သော ဟံသာဝတီကို စိုးစံသွားသည့် ဘုရင်များသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော မင်းများဖြစ်၍ထိုမင်းများလက်ထက်၌ ဗုဒ္ဓဘာသာသည် ရာမညတိုင်းတွင် ထွန်းလင်းတောက်ပခဲ့လေသည်။ ဗုဒ္ဓဘာသာပြန့်ပွားရေးကို အထူးအလေးပေး ဆောင်ရွက်ခဲ့သော မွန်ဘုရင်များထဲတွင် ဘုရင်မကြီး ရှင်စောပုနှင့် ဓမ္မစေတီမင်းတို့မှာ အလွန်ပင် ထင်ရှားသော သာသနာပြုမင်းများပင်သည်။ ဘုရင်မကြီး ရှင်စောပုသည် သက်တော် ၆၆ နှစ်မှ နတ်ရွာစံသည့် ၇၈ နှစ်အထိ ၁၂ နှစ်လုံးလုံး ရွှေတိဂုံစေတီတော်၏ အနောက်ဘက်တွင် မြို့သစ်တည်ထောင်နေထိုင်လျက် မောင်တော်၊ သားတော်၊ တူတော်တို့ တည်ထားခဲ့သည့် ရွှေတိဂုံစေတီတော်ကို အစစအရာရာ ပြည့်စုံမှုရှိအောင် ပြင်ဆင်မွမ်းမံခဲ့လေသည်။ ယနေ့ရွှေတိဂုံ စေတီတော်ရှိ ပြည့်စုံမှုအဝဝသည် ဘုရင်မရှင်စောပု၏ ကုသိုလ်ကောင်းမှုများ များစွာပါဝင်နေသည်။ ရှင်စောပုသည် ၁၂ နှစ်တိုင်တိုင်ရွှေတိဂုံစေတီတော်ကြီးကို စိတ်တိုင်းကျပြင်ဆင်ခဲ့ပြီး အေဒီ ၁၄၇၁ တွင် ရွှေတိဂုံစေတီတော်ကို သလွန်ပေါ်မှ အာရုံပြုရင်း ဇီဝိန်ချုပ်ငြိမ်းသွားခဲ့လေသည်။ ရှင်စောပု၏ သင်္ချိုင်းတော်ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ရှင်စောပုလမ်း ရှင်စောပုကျောင်းတိုက်၌ ယနေ့တိုင်တွေ့ရှိနိုင်သေးသည်။

ရှင်စောပုဘုရင်မကြီးနောက်တွင် ဟံသာဝတီထီးနန်းကို ဆက်ခံခဲ့သော သမက်တော်ဓမ္မစေတီလက်ထက်တွင် သာသနာတော်ပြန့်ပွားရေးအတွက် အထူးပင် ဆောင်ရွက်ခဲ့လေသည်။ ရဟန်းဘဝမှ လူထွက်၍ မင်းဖြစ်ခဲ့သော ဓမ္မစေတီမင်းသည် ဘုရားတည်ခြင်းအစရှိသော ကိစ္စများသာမက သာသနာ သန့်ရှင်းစင်ကြယ်ရေးအတွက်လည်း အလေးပေးလုပ်ဆောင်ခဲ့သည်။ ထူးခြားသော ဆောင်ရွက်ချက်မှာ ရဟန်းတော်များအတွက် အရေးကြီးသည့် သိမ်ကိစ္စအနေဖြင့် ကလျာဏီသိမ်တော်ကို တည်ဆောက်လှူဒါန်းခဲ့သည်။ ကောင်းမှုများကို ကမ္ဘည်းထိုးလေ့ရှိသည့်အတိုင်း သီဟိုဠ်သို့ ရဟန်းတော်များစေလွှတ်ခြင်း၊ ကလျာဏီသိမ် သမုတ်ခြင်းတို့ကို ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သည်။ ရွှေတိဂုံစေတီတော်တွင်လည်း ကျောက်စာများရေးထိုးခဲ့ပြီး ရွှေတိဂုံစေတီတော်တွင် လှူဒါန်းခဲ့သော ဓမ္မစေတီခေါင်းလောင်းမှာလည်း ထင်ရှားသည်။ ဓမ္မစေတီမင်းကြီး တည်ထားခဲ့သော စေတီပုထိုးများနှင့် သမိုင်းများကို ပဲခူးမြို့အနောက်တောတစ်လျှောက်မှာ ယနေ့ထက်တိုင် ဖူးမြော်မဝအောင် တည်ရှိနေဆဲဖြစ်သည်။

ပဲခူးမြို့ရှိ ထင်ရှားသော ဘုရား၊ စေတီ၊ ပုထိုးများ၊ ပဲခူးမြို့ရှိ အထင်ရှားဆုံးဘုရားစေတီမှာ ရွှေမော်ဓောစေတီတော်မြတ်ကြီးဖြစ်သည်။ ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ရွှေမော်ဓောစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၁၅ ခု တန်ခူးလဆန်း ၁ ရက် စနေနေ့ ကောင်းမြတ်သောမင်္ဂလာနေ့ရက်တွင် ဥာပနာတိုက်နှင့်အတူ ကိစ္စပြီးမြောက် တည်တော်မူသည်။ စေတီတော်၏ဘွဲ့တော်ကို ကျွန်းပေါ်စအချိန်က ဘုရားရှင်ဒေသ စာရီကြွချီရပ်တော်မူသောနေရာဖြစ်၍ ကျိုက်မူကားဟု မွန်ဘာသာဖြင့် သမုတ်တော်မူ၏။ ကာလကြာသောအခါမူ ကားမှမော်ဓောဟူ၍ ပြောင်းလဲခေါ်တွင်လေသည်။ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို သီရိဓမ္မာသောကမင်း၊ သမလမင်း၊ ဝိမလမင်း၊ ကရဝိကမင်း၊ ပဋ္ဌာလရာမမင်း၊ မိဖုရားရှင်စောပု၊ ဓမ္မစေတီမင်း၊ မင်းတရားရွှေထီး၊ ဆင်ဖြူများရှင်၊ ဘုရင့်နောင်၊ နန္ဒမင်း၊ သီဟသူမင်း၊ အနောက်ဘက်လွန်မင်းစသည့် မွန်-မြန်မာဘုရင်များက ခေတ်အဆက်ဆက်ပြည်သူတို့နှင့်တွဲ၍ စောင့်ရှောက်ခဲ့သောကြောင့် ယခုကဲ့သို့ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရခြင်းဖြစ်ပေသည်။ ဤသို့ဖြင့် ဖူးမြင်ရခြင်းသည်လည်း မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုပြယုဂ်ပင်ဖြစ်ပေသည်။ ဘုရင့်နောင်နှင့် နန္ဒမင်းတို့လက်ထက်တွင် စေတီတော်မြတ်ကြီး၏ ဉာဏ်တော်မှာ ၁၉၈ တောင်မြင့်တော်မူသည်။ မဟာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် စတုတ္ထအကြိမ်မြောက် မြေငလျင်ဒဏ်ခံရပြီး ပြည်သူလူထုက စုပေါင်းပြုပြင်မွမ်းမံရာ ဉာဏ်တော်အမြင့် ၂၀၂ တောင် နှစ်မိုက်မြင့်တော်မူသည်။ ပဉ္စမအကြိမ် ငလျင်ဒဏ်ခံရပြီးနောက် သက္ကရာဇ် ၁၃၁၅ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်နေ့တွင် စေတီတော်ကြီးကို ပြုပြင်မွမ်းမံအောင်မြင်ပြီး ငှက်မြတ်နားတော် ထီးတော်၊ စိန်ဖူးတော်များ တင်လှူနိုင်ခဲ့သောကြောင့် စေတီတော်ကြီး၏ ဉာဏ်တော်မှာ ၃၇၃ ပေ ကိုးလက်မ သို့မဟုတ် ၂၄၉ တောင်နှင့် တစ်မိုက်ရှိပြီး ကမ္ဘာ့အမြင့်ဆုံးဉာဏ်တော်ရှိ စေတီကြီးအဖြစ်ဝင့်ကြွားစွာ တည်ရှိနေပေ၏။

ထို့ပြင် "မြန်မာမှန်လျှင် ပုဂံသို့" ရောက်ဖူးရမည်ဟု ဆိုစမှတ်ပြုကြသည့်နောက်တွင် "ပဲခူး-ပုဂံ" မှာအဖိုးတန်သော ရှေးဟောင်းအနုပညာလက်ရာများနှင့် သမိုင်းဝင်စေတီပုထိုးများ၊ ရုပ်ပွားတော်များ တည်ရှိနေသည်ကို "အမျိုးမှန်လျှင်ပဲခူးသို့လည်း ဆန်ရမည်" ဟု ရှေးလူကြီးများဆိုကြပေသည်။ ရွှေမော်ဓောစေတီတော်မှသည် ဟင်္သာကုန်း၊ စိန်သာလျောင်း၊ ရွှေသာလျောင်း၊ မြသာလျောင်း၊ ကျိုက်ပွန်၊ ရွှေဂူကြီး၊ ရွှေဂူလေး၊ ကိုးသိန်းကိုးသန်း၊ မဟာစေတီ၊ မဟာကြီး၊ အကျွတ်၊ အလွတ်၊ ဖောင်းတော်ကျစသည်မှသည် စေတီပုထိုးပေါင်းများစွာ တည်ရှိနေပါသည်။ ဓမ္မစေတီမင်းကြီး ခေါင်းဖောင်းတော်ချပြီးသည့်နောက်ရန်အပေါင်းပြေငြိမ်းစေရန်အတွက် မင်းညီမင်းသားမှူးမတ်များ တည်ထားခဲ့သော ရန်ပြေ၊ ရန်အောင်၊ ဝဋ်ကြွေးပြေ၊ ရှိပြီးရင်းရှိ၊ ရပြီးရင်းရစသော စေတီငယ်လည်းများစွာရှိပါသေးသည်။ ထို့ကြောင့် "လှည်းဝင်ရိုးသံ တည်သံ့ပုဂံဘုရားပေါင်း" ဟူသော တဘောင်ကဲ့သို့ပင် ပဲခူးမြို့တွင်လည်း ဗုဒ္ဓသာသနာထွန်းကားရာ အရပ်ဖြစ်၍ စေတီပုထိုးများ ပေါကြွယ်ဝပေသည်။

### သာသနာတန်ခိုးဖြင့် ဝေဆာဖြိုးသည်

သာသနာနှင့်အစတည်၍ သာသနာပြုမင်းများ ထီးနန်းစိုးစံခဲ့သော ဟံသာဝတီ (ပဲခူး) သည် မင်းအဆက်ဆက်၊ ခေတ်အဆက်ဆက်မှသည် ယနေ့ထိတိုင် သာသနာ့အလင်းရောင်ဖြင့် ထွန်းပြောင်လျက်ရှိပေသည်။ ဗုဒ္ဓပူဇနိယပွဲတော်များ၊ သာသနာနှင့်သက်ဆိုင်သည့် ပွဲတော်များတွင် ပဲခူးသား ပဲခူးသူတို့၏ အလှူဒါနရက်ရောမှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းကျနမှု၊ သေသပ်မှုတို့ကို အများပြည်သူတို့ တွေ့မြင်ကြရမည်။ အနီးစပ်ဆုံးသာဓကကို ပြရမည်ဆိုလျှင် "ပဲခူးမြို့၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲပင်ဖြစ်သည်။ ဗုဒ္ဓသာသနာကို ယုံကြည်သက်ဝင်သည့်အလျောက် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်အား ရည်မှန်း၍မီးပုံးများ လွှတ်တင်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ဘုရားရင်ပြင်တော်၌ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်းများပြုလုပ်ကြသည်။ ပျော်ပွဲရွှင်ပွဲဟုသည်အမြင်ရှိကြသော်လည်း အလှူရှင်များ၏စေတနာသဒ္ဓါတရား၊

*စာမျက်နှာ ၂၁ သို့*



**"အဖိုးတန်သော ရှေးဟောင်းအနုပညာလက်ရာများနှင့် သမိုင်းဝင်စေတီပုထိုးများ၊ ရုပ်ပွားတော်များ တည်ရှိနေသည်ကို "အမျိုးမှန်လျှင် ပဲခူးသို့လည်း ဆန်ရမည်" ဟု ရှေးလူကြီးများဆိုကြပေသည်။ ရွှေမော်ဓောစေတီတော်မှသည် ဟင်္သာကုန်း၊ စိန်သာလျောင်း၊ ရွှေသာလျောင်း၊ မြသာလျောင်း၊ ကျိုက်ပွန်၊ ရွှေဂူကြီး၊ ရွှေဂူလေး၊ ကိုးသိန်းကိုးသန်း၊ မဟာစေတီ၊ မဟာကြီး၊ အကျွတ်၊ အလွတ်၊ ဖောင်းတော်ကျစသည်မှသည် စေတီပုထိုးပေါင်းများစွာ တည်ရှိ"**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၄၂၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၅၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၄၅ |
| HSD (50 ppm) | ၂၇၀၀ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၅ | ၂၈၄၅ | ၂၈၄၀ | ၂၇၄၀ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၅ | ၂၇၈၅ | ၃၀၀၅ | ၃၆၇၅ |
| HSD (10 ppm) | ၂၇၀၀ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၅ | ၂၈၄၅ | ၂၈၄၀ | ၂၇၄၀ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၅ | ၂၇၈၅ | ၃၀၀၅ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၂၀၄၂ | ၂၁၁၇ |
| HSD (500 ppm) | ၂၅၁၁ | ၂၅၉၁ |
| HSD (50 ppm) | ၂၅၈၂ | ၂၆၆၃ |
| HSD (10 ppm) | ၂၅၈၂ | ၂၆၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" အဖြစ် "ဥဂ္ဂါသေန" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်




နေပြည်တော် နိုဝင်ဘာ ၉

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာ ဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာဇာတ်သဘင်မဟာ အစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "ဥဂ္ဂါသေန" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ ချာန်ဟိန်း၊ ဆန်းနေအောင်၊ ထက်ကို၊ နန်းခင်မွှေး၊ ငြိမ်းချမ်းခိုင်တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၁၂ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက် (ဗုဒ္ဓဟူးနေ့)ည ၉ နာရီခန့်တွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## သုတဝေဖြာ သိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် နိုဝင်ဘာ ၉

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၉၁) ကို နိုဝင်ဘာ ၁၁ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

လာရောက်ကြည့်ရှုသူများ၏ ရင်တွင်းမုဒိတာစကားများသည်ကား အထက်ဘဝဂ် သို့တိုင်အောင် လွင့်ပျံနေမည်မှာ သေချာပါသည်။ မည်သို့သော အခြေအနေ၊ အကြောင်းတရားများပင် ရှိစေကာမူ မြန်မာတို့၏နှလုံးသား၊ ဗုဒ္ဓဘာသာဝင်တို့၏ အလှူစေတနာထက်သန်မှု၊ ပဲခူးသား ပဲခူးသူများ၏ သာသနာအပေါ် ကြည်ညိုလေးစားမှုတို့ကို ပြသနိုင်သောတန်ဆောင်တိုင်ပွဲတော်သည်ကား မှတ်ကျောက်တင် ကမ္ပည်းထိုးရလောက်ပေသည်။

### အောက်မေ့တသ

ပဲခူးမြို့သူမြို့သားများသည် သာသနာတော်၌ ယုံကြည်သက်ဝင်သည့်အလျောက် ပထမဦးစွာ ဗုဒ္ဓဘုရားရှင်အား မီးပုံးပျံဖြင့် ပုံဖော်၍ပူဇော်ခဲ့သည်။ ထိုမီးပုံးပျံနောက်တွင် မြို့သူမြို့သားအလှူရှင်များ၏ မီးပုံးငယ်ပေါင်း သောင်းချီ၍ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းပစ်ဖောက်ပူဇော်ခြင်းများ ပြုလုပ်ကြ၏။ ဒုတိယမီးပုံးတွင် မြန်မာ့ဂုဏ်ရောင် ပဲခူးဂုဏ်ဆောင်ခဲ့သည့် "ဘုရင့်နောင်မင်းတရားကြီး" ၏ ရဲစွမ်းသတ္တိများကို အောက်မေ့တသစွာဖြင့် မီးပုံးပျံပေါ်တွင် ကမ္ဘောဇသာဒီနန်းတော်ရာပုံကိုဖော်၍ တည်ကြည်ခံ့ညားသော ဘုရင့်နောင်မင်းတရားကြီးပုံတို့ကို လွှတ်တင်ခဲ့သည်။ ထို့နောက်တွင်မှ မီးပုံးငယ်များ လွှတ်တင်ဝန်းရံကြသည်။ မည်သို့ပင်ဆိုစေကာမူ နှလုံးသားမှဖြစ်တည်လာသော သဒ္ဓါတရားများ၊ ဇာတိမာန်များသည် "ကမ္ဘာ့အလယ်တွင် ဝင့်ထည်သည့်မြန်မာ" ဟု အားရပါးရ ဟစ်ကြွေးသကဲ့သို့ ရှိနေပေတော့သည်။

### စည်းလုံးမှုအင်အား

သာသနာ့တန်ခိုးကြောင့် ပဲခူးမြို့သည် ထင်ရှားသည်။ အေးချမ်းသာယာမှုရှိသည်။ သာသနာ့ဂုဏ်ရောင်ကြောင့်ပင် စည်းလုံးမှုအင်အားသည်လည်း ထွန်းပြောင်သည်ကို သက်သေပြနိုင်ခဲ့သည်။သာသနာဖြင့်အစတည်ခဲ့သော ဟံသာဝတီ (ပဲခူး) မြေတွင် သာသနာ့အရောင်များ ဆက်လက်ထွန်းပြောင်နေမည်မှာသေချာပါသည်။ သာသနာ့အရောင်ထွန်းလင်းပြောင်သည်နှင့်အမျှ ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နှလုံးသားသည်လည်း နူးညံ့ပျော့ပျောင်းနေပေမည်။ ထိုအခါ ပဲခူးမြို့သည် အရာရာတိုင်းလှပ၍ ယခုထက်မက ဖွံ့ဖြိုးဝေဆာလာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် "သာသနာ့တန်ခိုးနှင့် ဝေဆာဖြိုးသည့်မြို့ ပဲခူး" ဟု တင်စားရေးဖွဲ့လိုက်ပေသည်။ ။

# ကျွန်းလှမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ NGO (ASELF Tot Health) အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ NGO (ASELF Tot Health)အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ထန်းပင်ကုန်း-ကြာတကန်ကျေးရွာချင်းဆက်လမ်း ကြာတကန်ကျေးရွာ၏ အရှေ့ဘက် လေးဖာလုံခန့်အကွာ ရေကျော်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ NGO(ASELF Tot Health) အဖွဲ့မှ ငှက်ဖျား/တီဘီရောဂါ တိုက်ဖျက်ရေးဝန်ထမ်းဖြစ်သူ ကျွန်းလှမြို့နယ် ပျဉ်းမဖြိုင်ရပ်ကွက်နေ ကိုပြည့်စုံအောင် (၂၆) နှစ် (ဘ) ဦးထွန်းမြင့်သည် ကြာတကန်ကျေးရွာရှိ တီဘီရောဂါဖြစ်ပွားသူများအား ကျန်းမာရေးစစ်ဆေးပေးရန်အတွက် ထန်းပင်ကုန်း-ကြာတကန် ရွာချင်းဆက်လမ်းအတိုင်း ဆိုင်ကယ်ဖြင့် ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကိုပြည့်စုံအောင်တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုကဲ့သို့ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေသည့် NGO(ASELF Tot Health)အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ကာ ထိခိုက်ဒဏ်ရာများ ရရှိစေခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

နိုဝင်ဘာ ၉ ရက် နံနက် ၇ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားထိပ်နှင့် အင်းစိန်မြို့နယ် ပေါက်တောဝ မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတားထိပ်၊ လှိုင်သာယာမြို့နယ် တို့အတွင်း အဖွဲ့ငယ်များဖွဲ့ကာ စောင့်ဆိုင်းနေစဉ် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ယာဉ်မောင်း အောင်မျိုးသန့်(ခ)ရှီးဗားကမား မောင်းနှင်လာသည့် TNI/GG-5704 Probox အဖြူရောင်ယာဉ်အား သတင်းအရ ပိတ်ဆို့ဖမ်းဆီးစစ်ဆေးခဲ့ရာ မင်းသိန်းနိုင် (ခ) ကတုံး (၂၃)နှစ် (ဘ)ဦးရန်နိုင်စိုး၊ အောင်မျိုးသန်း (ခ) ရှီဗားကမား (၃၇)နှစ် (ဘ)ဦးခင်လတ်၊ ပြည့်ဖြိုးမောင် (ခ) ဖြိုးမောင် (၂၀) နှစ် (ဘ) ဦးမောင်၊ ထွန်းထွန်းဦး(ခ) ဖိုးသကြန်(၁၉)နှစ် (ဘ)ဦးဆန်းဝင်း၊ လှိုင်ဖြိုးမောင်(၁၉)နှစ် (ဘ) ဦးမောင်မောင်၊ အောင်ကျော်ဆန်း (ခ)ဆီတုံး(၂၉)နှစ် (ဘ)ဦးလှဝင်း၊ မျိုးမင်းအောင် (ခ) မျိုးမြတ် (၂၂) နှစ် (ဘ) ဦးမောင်မောင်စိုးနှင့် ဝင်းထူး (ခ) ဆံရှည်(၂၂)နှစ် (ဘ) ဦးပြုံးချိုတို့ ရှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။
















ဖမ်းဆီးရမိသူ မင်းသိန်းနိုင်(ခ) ကတုံးပါ ရှစ်ဦးတို့အား စိစစ်ဖော်ထုတ်ချက်အရ လုယက်မှုအား မင်းသိန်းနိုင် (ခ) ကတုံးက ဦးဆောင်ကာ ကျူးလွန်ခဲ့ပြီး အောင်မျိုးသန့် (ခ) ရှီးဗားကမား၊ ပြည့်ဖြိုးမောင် (ခ) ဖြိုးမောင်၊ ထွန်းထွန်းဦး (ခ) ဖိုးသကြန်၊ လှိုင်ဖြိုးမောင်၊ အောင်ကျော်ဆန်း (ခ) ဆီတုံး၊ မျိုးမင်းအောင် (ခ) မျိုးမြတ်၊ ဝင်းထူး (ခ) ဆံရှည်နှင့် နေဇော်(ခ)နေအောင်(ဖမ်းဆီးရန်ကျန်)တို့က လုယက်မှုကျူးလွန်နိုင်ရေး အသီးသီးပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် မင်းသိန်းနိုင်(ခ) ကတုံးပါ ကိုးဦးတို့သည် အောင်မျိုးသန့်(ခ)ရှီးဗားကမား မောင်းနှင်သည့် TNI/GG-5704 Probox ယာဉ်အား စီးနင်းကာ ဘုရင့်နောင်လမ်း၊ သမိုင်းဘူတာရုံလမ်းပေါ်ရှိ ကြွေ ၁ မှတ်တိုင်သို့ သွားရောက်ခဲ့ကာ ယာဉ်ပေါ်တွင် ယာဉ်မောင်း အောင်မျိုးသန့် (ခ) ရှီးဗားကမား တစ်ဦးသာ ကျန်ခဲ့ပြီး ကျန် ရှစ်ဦးတို့မှာ YBS ယာဉ်အမှတ် - 61 ပေါ်သို့ တက်ရောက်ခဲ့ကြောင်း၊ ဘုရင့်နောင် ခုံးတံတားအနီးအရောက်တွင် ယာဉ်ပေါ်ပါ အသက် (၂၅)နှစ်ခန့် အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ Redmi8 ခရမ်းရောင်လက်ကိုင်ဖုန်းကို မင်းသိန်းနိုင်(ခ)ကတုံးက နှိုက်ယူခဲ့ကြောင်း၊ အသက် (၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ Samsung A-10 စိမ်းပြာရောင် လက်ကိုင်ဖုန်းကို နေဇော် (ခ) နေအောင် (ဖမ်းဆီးရန်ကျန်)က နှိုက်ယူနေစဉ် အဆိုပါအမျိုးသမီးက အော်ဟစ် အကူအညီတောင်းသဖြင့် မင်းသိန်းနိုင် (ခ) ကတုံးက သံပိုက်ဖြင့် ပြုလုပ်ထားသော နံကြပ်ကူဖြင့် ရိုက်နှက်ခဲ့ကြောင်း၊ လုယက်ပြီးနောက် ကားပေါ်မှဆင်းကာ အသင့်စောင့်ဆိုင်းနေသည့် TNI/GG-5704 Probox ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက် စစ်ဆေးဖော်ထုတ်ချက်အရ မင်းသိန်းနိုင်(ခ) ကတုံးပါ ကိုးဦးတို့သည် နိုဝင်ဘာ ၅ ရက် နံနက် ၇ နာရီတွင် သာကေတ မြို့နယ်အတွင်း၌ ပြေးဆွဲ မောင်းနှင်လျက်ရှိသည့် YBS ယာဉ်လိုင်းအမှတ် - 42 ယာဉ်ပေါ်ရှိ အမျိုးသားတစ်ဦးအား ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်ကာ ကားပေါ်မှဆွဲချပြီး အဆိုပါအမျိုးသား၏ ကျောပိုးအိတ်အတွင်းမှ Samsung A-50 အမျိုးအစား စိမ်းပြာရောင်ဖုန်း တစ်လုံး၊ MI 5 အဖြူရောင်ဖုန်း တစ်လုံး၊ ငွေစက္ကူ (၅၀၀၀၀ဝိ/-) ကျပ်နှင့် ATM ကတ် သုံးခု၊ မှတ်ပုံတင် တစ်ခု၊ ယာဉ်မောင်းလိုင်စင် တစ်ခုတို့အား လုယက်ခဲ့ကြောင်းနှင့် ထိုသို့ လုယက်မှုကျူးလွန်စဉ် AYY/DD-3873 Probox အဖြူရောင်ယာဉ်အား အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ လုယက်မှုများအတွင်း မင်းသိန်းနိုင်(ခ)ကတုံးနှင့် နေဇော် (ခ) နေအောင်တို့က လုယက် ခါးပိုက်နှိုက်ခဲ့ကြပြီး ကျန် ခုနစ်ဦးမှ လုယက်ရာတွင် ဝန်းရံပေးသူ၊ လူကာပေးသူနှင့် အခြေအနေ စောင့်ကြည့်ပေးသူများအဖြစ် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်များတွင် အများပြည်သူ စီးနင်းသွားလာလျက်ရှိသည့် YBS ယာဉ်များအတွင်း လုယက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသူများဖြစ်သည့် မင်းသိန်းနိုင်(ခ)ကတုံးပါ ရှစ်ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန်တရားခံဖြစ်သည့် နေဇော်(ခ) နေအောင်အား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ၎င်းတရားခံပြေးအား တွေ့မြင်သိရှိရပါက နီးစပ်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပို့ တိုင်ကြားနိုင်ပါကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**




ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်

# လပွတ္တာမြို့နယ်တွင် ဆင်းသုခမိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကျင်းပ

**လပွတ္တာ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် မိုးစပါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ဆင်းသုခမိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယမန်နေ့က ကျောက်မော်ကျေးရွာအုပ်စုရှိ တောင်သူ ဒေါ်ခင်ရီ၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါမိုးစပါးရိတ်သိမ်းပွဲသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းလွင်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက်ကွင်းအမှတ် (၅၈၁-က)၊ အောက်ချောင်းကွင်း ဆင်းသုခစပါးမျိုးကွဲကောင်း ကိုယ်စားပြု တောင်သူ ဒေါ်ခင်ရီ၏ လယ်မြေ ဦးပိုင်အမှတ် (၁၄/၃)၊ ဧရိယာ ၈ ဒသမ ၀၀ ဧကအတွင်း စံကွက်အရွယ်အစား ၀ ဒသမ ၀၀၁ ဧကအား မိုးစပါးစံကွက်ရိတ်သိမ်း(ယာပုံ)ခဲ့ရာ တစ်ဧကခြောက်သွေ့ပြီး ၁၁၅ ဒသမ ၈၆ တင်း ထွက်ရှိခဲ့သည်။

လပွတ္တာမြို့နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး စိုက်ဧရိယာဧက ၃၃၇၈၁၀ စိုက်ပျိုးထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**သင့်ကျန်းမာရေး အတွက် နေ့စဉ် နံနက်စောစော လမ်းလျှောက်ပေးပါ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Condo၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(အေ-၂)(၄)လွှာ၊ အခန်းအမှတ်(၄၁၁)၊ ဧရိယာ (၆၂၂)စတုရန်းပေ၊ Type(C)အမျိုးအစား၊ အိပ်ခန်း(၁)ခန်းပါ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ဇင်ဖြူဖြူမောင် ၁၂/မဂတ(နိုင်)၀၇၉၃၀၇ ထံမှ အပြီးအပြတ်ဝယ်ယူရန် ကျွန်မ ဒေါ်ခင်စပယ် ၁၂/ရကန(နိုင်)၀၁၉၃၄၄ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စပယ်
ဖုန်း-၀၉-၅၀၅၄၉၁၇

# တရားမဝင် တိရစ္ဆာန်အစာ၊ အလှကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဗိုလ်တထောင်ခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရန်ကင်းမြို့နယ် အမှတ်(၁၆) ရပ်ကွက် ဘူတာရုံလမ်းရှိ ဂိုဒေါင်သို့ သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘေထုပ်အထည် ၄၄၉ ထုပ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၇၁၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ချမ်းမြသာစည်မြို့နယ် မြို့ဟောင်းဘူတာ အနီးရှိ ဂိုဒေါင်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၃၃၁၇၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်လျှော်ဆပ်ပြာမှုန့်ထုပ် ၅၆ ဖာနှင့် တိရစ္ဆာန်အစာ အိတ် ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၄၇၁၇၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့် (Happy Water) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက် ကံ့ကော်လမ်းတွင် အိုက်ဥမောင်းနှင်ပြီး အိုက်ကောင်ကျော် (ခ) အောင်နိုင်သူ၊ ကျော်နိုင်လင်းနှင့် အိုက်ကျန်းဆုတ်တို့ လိုက်ပါလာသည့် Crown မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်း ဆေးဝါးများ ရောစပ်ထားသော အမှုန့် (Happy Water) ၁၂ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ လေးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့်(Happy Water)များနှင့်အတူ တွေ့ရစဉ်။






## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(ဘီ) တိုက်အမှတ်(ဘီ-၅)၊ အခန်းအမှတ်(၂၀၂)၊ Type(B.)၊ Area ၉၄၆sqftရှိ တိုက်ခန်း နှင့် ၎င်းတိုက်ခန်းတွက် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ မအိဝေဇင်အောင် ၁၄/ဖပန(နိုင်)၁၄၉၁၇၀ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုတေဇာထက်
၁၂/ကခက(နိုင်)၀၅၁၂၉၇
ဖုန်း-၀၉-၅၀၅၅၁၉၉

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်သန်းနု ၅/ယမပ(နိုင်) ၁၃၆၃၄၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၇၇၉၀၈၁

## ပျောက်ဆုံးကြောင်း

ကျွန်မ မမာဖြိုး ၅/ယမပ(နိုင်) ၁၃၆၂၄၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၇၇၉၀၈၁

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ဌေးပြည့် ၅/ယမပ(နိုင်) ၁၃၆၃၅၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၃၇၇၉၀၈၁

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လင်းကိုဦး ၅/ယမပ(နိုင်)၁၁၇၂၆၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၇၂၀၀၂၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မြို့မတောင်ရပ်ကွက်နေ (ဘ)မာမတ်အာရာမ်၏သား မောင်ခင်မောင်အေးနှင့် အာဆာမ် ၁၁/မတန(ပြု)၀၀၂၆၃၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သန်းနိုင်ဌေး ၈/တတက(နိုင်)၁၅၀၉၄၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၃)ပထော်ကွင်း၊ ဦးပိုင်အမှတ်(၅)၊ မြေဧရိယာ (၆ဒသမ ၀၁)ဧကရှိ မြေကွက်အား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၃-၁-၂၀၂၂)ရက်စွဲပါစာအမှတ် ၀၂၁/၂၀၀(၃)/၉-၁/အဖရ(တနင်္သာရီ) အရ ရေခဲစက်ရုံ ဆောက်လုပ်အသုံးပြုရန် ဦးလှသန်း (ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်)အား လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ-၁၅(က) ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်) ၀၅၇၃၀၃မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြိတ်မြို့

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မြို့မတောင်ရပ်ကွက်နေ (ဘ)မာမတ်အာရာမ်၏သမီး မဇင်မာဦးနှင့် အာမ်ဖာမ် ၁၁/မတန(ပြု)၀၀၂၆၂၇ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မဖြူဖြူဝင်း ၈/မတန(နိုင်) ၁၈၆၈၉၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၃)ပထော်ကွင်း၊ ဦးပိုင်အမှတ်(၈)၊ မြေဧရိယာ(၃ဒသမ ၅၂)ဧကရှိ မြေကွက်အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃-၁-၂၀၂၂)ရက်စွဲပါစာအမှတ် ၀၂၁/၂၀၀(၃)/၉-၁/အဖရ (တနင်္သာရီ) အရ ရေခဲစက်ရုံ ဆောက်လုပ်အသုံးပြုရန် ဦးလှသန်း (ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်)အား လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ-၁၅(က) ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွား မြေငှားဂရန်( အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်) ၀၅၇၃၀၃မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြိတ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၃) ပထော်ကွင်း၊ ဦးပိုင်အမှတ် (၁၁)၊ မြေဧရိယာ ၁ဒသမ ၆၁ဧကရှိ မြေကွက်အား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၃-၁-၂၀၂၂ရက်စွဲပါစာအမှတ် ၀၂၁/၂၀၀(၃)/၉-၁/အဖရ (တနင်္သာရီ)အရ ရေခဲစက်ရုံ ဆောက်လုပ်အသုံးပြုရန် ဦးလှသန်း (ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်)အား လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ-၁၅(က) ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား စက်မှု/စီးပွား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်)၀၅၇၃၀၃မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၃) ပထော်ကွင်း၊ ဦးပိုင်အမှတ် (၃)၊ မြေဧရိယာ ၂ဒသမ ၅၂ဧကရှိ မြေကွက်အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၃-၁-၂၀၂၂ရက်စွဲပါစာအမှတ် ၀၂၁/၂၀၀(၃)/၉-၁/အဖရ(တနင်္သာရီ)အရ ရေခဲစက်ရုံ ဆောက်လုပ်အသုံးပြုရန် ဦးလှသန်း (ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်)အား လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ-၁၅(က) ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား စက်မှု/စီးပွား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးလှသန်း ၆/မအရ(နိုင်)၀၅၇၃၀၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစန်းထွန်း ၅/အရတ(နိုင်)၀၈၇၄၅၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၆၇၄၂၂၅၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဆန်း ၅/အရတ(နိုင်) ၁၄၁၆၂၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၂၈၃၅၀၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်နိုင်ဝင်း ၅/အရတ(နိုင်)၁၄၅၇၂၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၃၀၁၈၈၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိန်ဌေး ၏သား ရွှေဘိုမြို့၊ ဆည်မြောင်းနှင့် စက်ပြင်ဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးသက်နိုင်(ခ) ဦးသက်နိုင်ဦး ၅/ကဘလ(နိုင်) ၂၀၁၇၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးတင့်ဇော် ၅/ပလန(နိုင်) ၁၂၄၃၃၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၉၇၅၄၈၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုဝင်း ၅/မရန(နိုင်)၃၀၉၅၃၅၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၇၉၇၄၃၉၃

## ပျောက်ဆုံးကြောင်း

မဝင်းရီ(ဘ)ဦးဇင်မောင် ၁၃/ဖခန(နိုင်)၀၈၃၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၆၆၁၉၅၃

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်၊ င/ဆင်ပုန်းကျေးရွာနေ (ဘ)ဦးထွန်းကြည်၏သမီး မချယ်ရီထွန်း ၁၁/မပတ(နိုင်)၁၁၂၁၅၆၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၈-၂၀၀၂ရက် ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မမေအိသူ ၁၂/ဒဂရ(ပြု) ၀၀၀၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၂၀၀၃၃၉

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/5036, Toyota Wish S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွန် ၁၃/ကခန(နိုင်)၀၄၆၀၄၃ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခင်ဇော်ထွန်း ၅/ပလန(နိုင်)၁၂၄၃၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၉၇၅၄၈၈

## ပျောက်ဆုံးကြောင်း

